ခန္တီ စ ဧတံ မင်္ဂလ မုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ၂၀၀၄ ခုနှစ်၊ မေ ၃ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၁၃)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပိုလန်နိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၃

၂၀၀၄ ခုနှစ် မေ ၃ ရက်တွင်ကျရောက်သော ပိုလန်သမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပိုလန်သမ္မတနိုင်ငံ သမ္မတမစ္စတာအာလက်ဇန်ဒါး ကွာနျူစကီးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ရွှေထီးတော် ငှက်မြတ်နားတော် စိန်ဖူးတော် တင်လှူပူဇော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက် နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် တင်လှူပူဇော်ပွဲ အခမ်းအနားတွင် စေတီတော်၌ ငှက်မြတ်နားတော်ကို တင်လှူပူဇော်စဉ်။

(သတင်းစဉ်)

နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညို ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်လှူပူဇော်

ရန်ကုန် မေ ၂

ကလေးဝတောရကျောင်းတိုက် နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ကလေးဝတောရကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညိုပြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✡

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ မေလ ၃ ရက်)

ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် ကုသိုလ်ကောင်းမှုပြု ရိုးရာအစဉ်အလာ ညောင်ရေသွန်းပွဲ ပျော်ရွှင်စွာဆင်နွှဲ

ယနေ့သည်ကား ၁၃၆၆ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဖြစ်သည်။

"ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊စံဝင်နိဗ္ဗာန်နန်း"ဟူသော ဆိုစကားနှင့်အညီ–

- **ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် ဉာဏ်ဘဒ္ဒကမ္ဘာ၌ လေးဆူမြောက်ဖြစ်သော ဂေါတမ ဗုဒ္ဓအမည်ဖြင့် ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟု ဒီပင်္ကရာ မြတ်စွာဘုရားထံမှ နိယတ ဗျာဒိတ်ကို ကဆုန်လပြည့်နေ့တွင် ခံယူခြင်း၊**
- **မဟာသက္ကရာဇ် ၆၈ခု၊ ကဆုန်လပြည့်နေ့တွင် ဂေါတမဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားအား ဖွားမြင်တော်မူခြင်း၊**
- **မဟာသက္ကရာဇ် ၁၀၃ခု၊ ကဆုန်လပြည့်နေ့ အရုဏ်တက်ချိန်တွင် ဂေါတမဘုရားအလောင်းတော်သည် သဗ္ဗညုတ ဘုရားရှင်အဖြစ်သို့ ရောက်ရှိတော်မူခြင်း၊**
- **မဟာသက္ကရာဇ် ၁၄၈ခု၊ ကဆုန်လပြည့်နေ့တွင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခြင်း**

ထို့ကြောင့် ကဆုန်လပြည့်နေ့သည် သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားနှင့် စပ်ဆိုင်ဆက်နွှယ်နေသဖြင့် နေ့ထူးနေ့မြတ် ဖြစ်သည်။

ကဆုန်လသည် ဘုရားရှင်နှင့် ဆက်စပ်နေသည်။ သုမေဓာရှင်ရသေ့ဘဝကပင် ဘုရားဆုပန်ခဲ့သည်။ **"အာ၊ ဗော၊ ကာ၊ ယ၊ ဆန်၊ ရွှေ၊ ကက်"**ဟူသော ဖွားဖက်တော်ခုနစ်ပါးတွင် အပါအဝင်ဖြစ်သော ဗောဓိညောင်ပင်ကိုအမှီပြု၍ ဘုရားရှင်သည် ပုဗ္ဗေနိဝါသ၊ ဒိဗ္ဗစက္ခု၊ အာသဝက္ခယဉာဏ်တော်ကိုရတော်မူသည့်အတွက် ရှင်မဟာသီလဝံသက ပါရမီတော်ခန်းပျို့၌ **" ဗောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်က၊ ချက်ရိုင်ပြည့်စုံ၊ နဝဂုဏ်နှင့်"**ဟု စပ်ဆိုတော်မူခဲ့သည်။

ဗောဓိပင်သည် ဘုရားဖြစ်စေရန် ကြီးစွာသောအထောက်အကူပြုခဲ့သည့်အတွက် ကျေးဇူးဆပ်သည့်အနေဖြင့် ဗောဓိပင်ကိုရှင်သန်စေရန် ညောင်ရေသွန်းခဲ့ကြသည်။ ရိုးရိုးညောင်ရေသွန်းလောင်းခြင်းမျိုးမဟုတ်ဘဲ ရေနှင့်ပူဇော်ခြင်း ဖြစ်သည်။

ရေပြတ်သည့်ကာလတွင် ရှင်သန်စေရန် ရေသွန်းလောင်း၍ အသက်ဆက်ပေးခြင်းသည် ဘုရားရှင်၏ မွေးနေ့ကို အသိအမှတ်ပြုသည်ဟုလည်း ဆိုနိုင်သည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှုအစဉ်အလာအရ ကျင်းပကြသည့် ၁၂လရာသီ ပွဲတော်များအနက် ကဆုန်လတွင် ကျင်းပသော ကဆုန်ညောင်ရေသွန်းပွဲတော်သည် ထူးခြားစည်ကားသော ပွဲတော်တစ်ရပ် ဖြစ်သည်။

ကဆုန်လ ညောင်ရေသွန်းပွဲတော်ကို မြန်မာပြည်အနှံ့တွင် ကျင်းပကြသည်။ ရန်ကုန်မြို့တွင် နှစ်စဉ် ညောင်ရေသွန်းအဖွဲ့ပေါင်းစုံသည် ရွှေတိဂုံစေတီတော်အင်္ဂါထောင့်၌ ညောင်ရေသွန်းကြသည်မှာ ကြည်နူးဖွယ် ကောင်းလှသည်။

"သည်ရက်တွင် ကြုံရှင်လာတဲ့၊ဂုဏ်အင်္ဂါလေးသွယ် အထူးကိုယ်ဖြင့်၊စုံလင်စွာရွှေချယ်ရူးပါလို့၊ ကြည်နူးစွာ စိတ်သန်လျက်ကယ်နှင့်၊ နိဗ္ဗာန်ကိုမိဋ္ဌာန်ဖက်ကာ၊ ညောင်မဟောတွင် အောင်ရေဆက်ကြသည့်၊ ရေးထက်စဉ်အလာ"ကို သဘောပေါက်ပါက ပို၍ကုသိုလ်ရကြမည်မှာ မလွဲပါချေ။

မြန်မာတို့သည် ကဆုန်ညောင်ရေသွန်းပွဲတော်နှင့်အတူ သက်ကြီးပူဇော်ပွဲများကိုလည်း ပြုလုပ်လေ့ရှိကြသည်။ ဥပုသ်သီလ ဆောက်တည်ကြသည်။ အလှူဒါနပြုကြသည်။ တရားဘာဝနာ ပွားများအားထုတ်ကြသည်။

သို့ဖြစ်ရာ ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့အနေဖြင့် ဒါန၊ သီလ၊ ဘာဝနာ တည်းဟူသော ကောင်းမှုကုသိုလ်ပြုကြရင်း ရိုးရာအစဉ်အလာ ညောင်ရေသွန်းပွဲကို ပျော်ရွှင်စွာ ဆင်နွှဲနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုသိမ်မြို့နယ် ကမ်းနီကျေးရွာ ရွှေဆံတော်စေတီ ထီးတော်တင်လှူ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင် တက်ရောက်ကြည်ညို

ရန်ကုန် မေ ၂

ပုသိမ်မြို့ ငဝန်မြစ်အနောက်ဘက်ကမ်း ပုသိမ်မြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းအနီး ကမ်းနီကျေးရွာ ရှေးဟောင်းခေတ်ပေါင်းစု ရွှေဆံတော်မြတ် ရွှေထီးတော်တင်လှူပွဲအခမ်းအနားကို ဧပြီ၂၉ရက် နံနက် ၇နာရီခွဲက အဆိုပါ စေတီအနီး ယာယီမဏ္ဍပ်၌ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကုန်းသာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီး ဒေါ်တင်တင်လတ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ၊တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်၊ ပုသိမ်တပ်နယ် တပ်ရင်းတပ်ဖွဲ့မှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပုသိမ်မြစ်ကူးတံတားစီမံကိန်း တာဝန်ခံဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဝင်းနှင့် ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တိုင်းမှူးနှင့် ပရိသတ်များက ကုန်းသာကျောင်းတိုက် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

လှူဖွယ်ပစ္စည်းဆက်ကပ်

ဆက်လက်၍ ဆရာတော်၊သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဒုတိယတိုင်းမှူးတို့က စေတီတော်သို့ တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်များနှင့် ထပ်မံ တည်ထားမည့် စေတီအတွက် ပန္နက်အုတ်တော်များအား ဆရာတော်ကြီးများထံ ကပ်လှူကြပြီး ကုန်းသာကျောင်းတိုက် ဆရာတော်က အနုမောဒနာတရား ချီးမြှင့်တော်မူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

လှည့်လည်ပူဇော်

ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဒါယကာ ဒါယိကာမများက စေတီတော်သို့ တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တို့ကို ပင့်ဆောင်၍ စေတီတော် တစ်ပတ် လှည့်လည်ပူဇော်ကြပြီး စေတီတော် အထွတ်သို့ ပူဇော်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

(သတင်းစဉ်)

သွေးဆေးကန်အရှင်နန္ဒာစရိယ မိုးကုတ်တရားစခန်းပွဲ

ရန်ကုန် မေ ၂

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ သွေးဆေးကန် အရှင်နန္ဒာစရိယ (သာသနဓဇ ဓမ္မာစရိယ)သည် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် မိုးညိုမြို့နယ် ရေကင်းမိုးကုတ်ရိပ်သာအဖွဲ့ခွဲ အမှတ်(၁၆၃)တွင် ကဆုန်လပြည့်ကျော် ၁ရက်မှ ၇ရက် (မေ ၄ရက်မှ ၁၀ရက်)ထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

မိုးကုတ် ၁၀ရက် တရားစခန်းပွဲ

ရန်ကုန် မေ ၂

ရန်ကုန်တိုင်း သာကေတမြို့ (၉)ရပ်ကွက် နဝရတ်လမ်း ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၌ မေ ၁၄ရက်မှ ၂၃ရက်အထိ ၁၀ ရက် စခန်းပွဲကို ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော် အဖွဲ့ချုပ်ကြီး၏ နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ အရှင်ပုညာနန္ဒ အရှင်သူမြတ်က ခန္ဓာဉာဏ်ရောက် သစ္စာ တရားများကို ဟောကြားပြသမည်ဖြစ်၍ မေ၁၃ရက် ညနေ အရောက်လာရောက်ရမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

အီလက်ထရွန်နစ် နည်းစနစ်သုံး ပညာရေးစီမံခန့်ခွဲမှု သင်တန်းဆင်း

ရန်ကုန် မေ ၂

မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ပြည်နယ်နှင့်တိုင်း ပညာရေးမှူးများ၊ လက်ထောက် ပြည်နယ်/တိုင်း ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ လက်ထောက်မြို့နယ် ပညာရေးမှူးများ၊ အခြေခံပညာကျောင်းအုပ်ကြီးများ၊ အခြေခံပညာ ဦးစီးဌာနများရှိ စီမံခန့်ခွဲရေးဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ ပညာရေးကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ဝန်ထမ်းများအား တိုက်ရိုက် ထုတ်လွှင့်ပို့ချပေးသည့် အီလက်ထရွန်နစ် နည်းစနစ်သုံး ပညာရေးစီမံခန့်ခွဲမှု သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၃၀ရက် ညနေ ၄နာရီခွဲက ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ပညာရေး ရုပ်မြင်သံကြား ရိုက်ကူးရေးခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌ၊ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သင်တန်းတွင် ပညာရေးစီမံခန့်ခွဲမှု အကြောင်းအရာ ၃၆မျိုးကို ငါးရက်ကြာ ထုတ်လွှင့်ပို့ချပေးခဲ့ရာ မြို့နယ်အသီးသီးရှိ အီလက်ထရွန်နစ် သင်ယူမှုဌာန(e-Education Learning Centre) ၂၂၀ခုတွင် သင်တန်းသား သင်တန်းသူပေါင်း ၁၀၇၃၉ ဦးတို့ တက်ရောက်သင်ယူကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧပြီ ၂၉ ရက်က မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေးကိုဂုဏ်ပြုသောအားဖြင့် ဦးသိန်းထွန်း(ထွန်းဖောင်ဒေးရှင်း)က ငွေကျပ်၁၀၀၀၀၀ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁)ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌဦးတင်ခ(တက္ကသိုလ်တင်ခ)က လက်ခံယူစဉ်။ (သတင်းစဉ်)

✡ နာဂလိုဏ်ဂူမှ

တက်ရောက်ကြည်ညို

မင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝ တောရကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဒွိပိဋက ကောဝိဒဘဒ္ဒန္တဇာဂရာ ဘိဝံသနှင့် ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ရန်ကုန်

ဒုတိယဥက္ကဋ္ဌ အောင်မြေဘုံစံဆရာတော်နှင့် ကလေးဝတောရကျောင်းတိုက်ဆရာတော်တို့ထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တင်လှူပူဇော်မည့် ဆပ်သွားဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော်နှင့် ရွှေထီးတော်ဘုံဆင့်များကို သုကမာရ မဂ္ဂဒီပနီသုံးထပ် ကျောင်းဆောင်ကြီးမှ ပင့်ဆောင်ကြပြီး စေတီတော်အား လက်ယာရစ် လှည့်လည်အပူဇော်ခံသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့်အလှူရှင်များက အောင်ချမ်းသာစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဆပ်သွားဖူးတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို တီးကြားကုသိုလ်ဖြစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက် နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ မင်္ဂလာအခမ်းအနားတွင် စေတီတော်ကြီးအားရည်စူး၍ ဆရာတော်ကြီးအား စိန်ဖူးတော်ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အောင်ချမ်းသာစေတီတော်အား ရွှေထီးတော်ဘုံဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ပြီး ရွှေထီးတော်ဘုံဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့အား အမွှေးနံ့သာရည်များဖြင့် ရောင်တော်ဖွင့် ပူဇော်သည်။

ထို့နောက်ရန်ကုန်တိုင်းသာသနာရေးဦးစီးမှူးဦးစံသင်းလှိုင်က ဆုတောင်းပါဠိဂါထာကို ရွတ်ဆိုဆုတောင်းပြီး သီရိသုဓမ္မ မဏိဇောတဓရ တီးကြား

လိုဏ်ဂူ အောင်ချမ်းသာစေတီတော် ရွှေထီးတော် မူလဘုံဆင့်များတင်လှူပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို အဆိုပါ ကလေးဝတောရကျောင်းတိုက်၌

ရထားပုံမဏ္ဍပ်သို့ ပင့်ဆောင်ကြပြီး မင်္ဂလာရထားပုံဖြင့် ရွှေထီးတော်မူလဘုံဆင့်သုံးဆင့်တို့ကို စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ သီလရှင်များ၊ ဝတ်အသင်းများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

မင်္ဂလာအခမ်းအနားတွင် ရန်ကုန်တိုင်း သာသနာရေးဦးစီးမှူး ဦးစံသင်းလှိုင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အမှူးပြုသော ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်ကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နာဂလိုဏ်ဂူ အောင်ချမ်းသာ စေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

အမှျပေးဝေ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက် နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော် ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ မင်္ဂလာအခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမှျပေးဝေကြစဉ်။

(သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရကျောင်းတိုက် ဆရာတော်က အနုမောဒနာတရားတော်နှင့် ရေစက်ချတရားဟောကြားချီးမြှင့်တော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အမှူးပြုသော ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

လှည့်လည်အပူဇော်ခံ

ယင်းနောက် နာဂလိုဏ်ဂူ အောင်ချမ်းသာစေတီတော် ရွှေထီးတော် တင်လှူပူဇော်ပွဲ မင်္ဂလာအစီအစဉ်ကိုကျင်းပရာ ရှေးဦးစွာဒေဝါဝင်း၊ ရာဇာဝင်းခင်း၍ ကလေးဝတောရကျောင်းတိုက်ဆရာတော် ဦးဆောင်လျက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊

ထီးတော်တင်အဖွဲ့၏ ရထားပုံမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

ပင့်ဆောင်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ရွှေထီးတော်ဘုံအဆင့်များ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ပြီးတီးကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၏ မင်္ဂလာရထားပုံဖြင့်စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

ထိုအချိန်တွင် အနုပညာဦးစီးဌာနမှ မင်္ဂလာစောင်းအဖွဲ့နှင့် မင်္ဂလာစည်တော်အဖွဲ့တို့က ဓမ္မတေးများဖြင့် သီကျူးတီးခတ်ပူဇော်ကြသည်။

တင်လှူပူဇော်

မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဦးသန်းလှက ရွှေထီးတော် တင်လှူပူဇော်ခြင်း ကုသိုလ်ကောင်းမှု အစုစုတို့ကို အမျှပေးဝေသည်။

ယင်းနောက်မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရတနာရွှေမိုး ငွေမိုး ရွာသွန်းဖြိုးပေးသည်။

ဆက်လက်၍ ဆရာတော်သံဃာတော်အရှင်သူမြတ်တို့က စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ယင်းနောက် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

မူလဘုံဆင့်များတင်လှူ

ယမန်နေ့ နံနက် ၇နာရီတွင် ကလေးဝတောရကျောင်းတိုက် နာဂ

ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ကလေးဝတောရကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာဘိဝံသအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ်ဦးအံ့မောင်၊ဌာနဆိုင်ရာအကြီးအကဲများ၊ သီလရှင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ စေတီတော်တွင် တင်လှူပူဇော်မည့် ရွှေထီးတော်မူလဘုံဆင့် သုံးဆင့်တို့ကို တီးကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၏ မင်္ဂလာ

ထိုအချိန်တွင် အနုပညာဦးစီးဌာန မင်္ဂလာစောင်းအဖွဲ့နှင့် မင်္ဂလာစည်တော်အဖွဲ့တို့က ဓမ္မပူဇာတေးများဖြင့် သီကျူးတီးခတ်ပူဇော်ကြသည်။

မင်္ဂလာအချိန်တွင် ကလေးဝတောရကျောင်းတိုက် ဆရာတော် ဦးဆောင်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ပင်မရွှေထီးတော်ဒါယကာ ဦးမောင်မောင်ခဆွေတို့က ရွှေထီးတော်မူလဘုံဆင့်သုံးဆင့်တို့ကို အောင်ချမ်းသာစေတီတော်၏အထွတ်တွင် တင်လှူပူဇော်ကြသည်။

ယင်းနောက် အောင်ချမ်းသာစေတီတော်၏ ရွှေထီးတော်မူလဘုံဆင့်သုံးဆင့် တင်လှူပူဇော်ပွဲ အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ဒုတိယဝန်ကြီးနှင့် ပင်မရွှေထီးတော်ဒါယကာတို့က ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

(သတင်းစဉ်)

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

ကန်ဆန့်ကျင်ရေးလှုပ်ရှားမှု အရှိန်အဟုန် လျှော့ပေးရန်တောင်းဆိုမှု အယ်လ်ဆာဒါငြင်းဆို

ဖော်လူဂျာ မေ ၁

နာဂျက်ဖ်မြို့၌လည်း ဖော်လူဂျာမြို့တွင် ဖြေရှင်းနည်း အတိုင်းမြို့၏ အစိတ်အပိုင်းဒေသအချို့ကို အီရတ်လုံခြုံရေး တပ်ဖွဲ့အား ထိန်းချုပ်ခွင့်ပြုရန် စီစဉ်လျက်ရှိသည်။ သို့ရာတွင် နာဂျက်ဖ်ရှိ အီရတ်ခေါင်းဆောင် ဆာဒါက ၎င်း၏ အမေရိကန်ဆန့်ကျင်ရေးလှုပ်ရှားမှု အရှိန်အဟုန်ကို လျှော့ချပေးရန်တောင်းဆိုမှုများကို လိုက်လျောမည်မဟုတ်ကြောင်း ငြင်းဆိုလိုက်သည်။

အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ ရီပတ်ဘလစ်ကင်အစောင့်တပ်ဖွဲ့မှ ဗိုလ်ချုပ်ကြီး ဂျက်စ်ဆင်မ်ဆာလီမီဟမ်ဘီသည် ဖော်လူဂျာမြို့လုံခြုံရေးကို တာဝန်ယူလိုက်ပြီဖြစ်ကာ မြို့တွင်းလုံခြုံရေးကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ဖော်လူဂျာမြို့ ထိန်းချုပ်ရေးကို အမေရိကန်တို့က လုံးဝလက်မလွှတ်သေးကြောင်း အမေရိကန်တပ်မှူးက ပြောကြားသော်လည်း စခန်းအနီးအသေခံဗုံးခွဲမှုကြောင့် မရိန်းတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးကာ ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။ **(စီအင်န်အင်န်)**

ဖော်လူဂျာအနီး ကန်စစ်စခန်းကို အီရတ်ပြောက်ကျားတို့ အသေခံကားဗုံးခွဲတိုက်ခိုက် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရ

ဘဂ္ဂဒက် မေ ၁

အီရတ်နိုင်ငံ ဖော်လူဂျာမြို့အပြင်ဘက်ရှိ အမေရိကန်စစ်အခြေစိုက်စခန်းအနီး သောကြာနေ့က အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က သောကြာနေ့တွင် ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့များ ထိန်းချုပ်ထားသည့် ဖော်လူဂျာမြို့ကို ဆက်ဒမ်ဟူစိန်၏ ရီပတ်ဘလီကင်အစောင့်တပ်မှ ဗိုလ်ချုပ်ကြီးတစ်ဦးအား သောကြာနေ့ စောစောပိုင်းက ထိန်းချုပ်ရန် လွှဲပြောင်းပေးခဲ့သော်လည်း ဖော်လူဂျာမြို့တွင် အဆိုပါပေါက်ကွဲမှုအသစ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပြောကြား

အဆိုပါ ဖော်လူဂျာမြို့ရှိ စစ်စခန်းတွင် ဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး အခြားခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်တပ်ဖွဲ့မှ ဗိုလ်မှူးချုပ် မက်ကင်မစ်က ဘဂ္ဂဒက်မြို့တွင်ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ တစ်ရပ်၌ ပြောကြားသည်။

ကြာသပတေးနေ့ကလည်း ဘဂ္ဂဒက်မြို့အနီး အသေခံကားဗုံးခွဲ တိုက်ခိုက် မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်ရှစ်ဦးသေဆုံးပြီး အခြားတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့သည်။ ပြီးခဲ့သောနှစ် မတ်လက အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်ခဲ့ပြီးနောက် ၂၀၀၄ခုနှစ် ဧပြီလသည် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုအများဆုံးနှင့် သွေးထွက်သံယိုဖြစ်မှု အများဆုံးလ ဖြစ်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

မေ ၁ရက်က ဘဂ္ဂဒက်မြို့ပြင်ရှိ ဖော်လူဂျာမြို့နှင့် ဆက်သွယ်ထားသော အဝေးပြေးလမ်းမကြီးတစ်ခုပေါ်တွင် ပြောက်ကျားတို့တိုက်ခိုက်မှုကြောင့် အမေရိကန်စစ်ယာဉ်တစ်စီး မီးလောင်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ- အင်တာနက်)

ဒေသဆိုင်ရာအီရတ်အုပ်ချုပ်ရေးကောင်စီဝင်တစ်ဦး သေနတ်သမားတစ်ဦးပစ်ခတ်မှုကြောင့် ပြင်းထန်စွာဒဏ်ရာရ

ဘာကူဘာ မေ ၁

ဘဂ္ဂဒက်မြို့မြောက်ဘက်တွင် အမည်မသိသေနတ်သမားတစ်ဦးက ၎င်း၏ကားပေါ်မှ ပစ်ခတ်သွားမှုကြောင့် ဒေသဆိုင်ရာ အီရတ်အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်တစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိသွားကြောင်း မျက်မြင်တွေ့ရှိသူများက သောကြာနေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် မိုင် ၄၀အကွာရှိ ဘာကူဘာမြို့ရှိ ဒေသဆိုင်ရာ အုပ်ချုပ်ရေးကောင်စီ တစ်ဦးဖြစ်သူ နာဂျက်ဟမ်ဒေါ့သည် ပြီးခဲ့သည့် ကြာသပတေးနေ့က သေနတ်နှင့် ပစ်ခတ်ခံခဲ့ရကြောင်း အဆိုပါ မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အီရတ်နိုင်ငံတွင် အမေရိကန်တို့နှင့် ပူးပေါင်းဆောင်ရွက်သူ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ဝင်များကို ပစ်မှတ်ထားပြီး အီရတ်ပြောက်ကျားတို့က မကြာခဏ ပစ်ခတ်တိုက်ခိုက်လျက်ရှိသည်။

ဘာကူဘာမြို့သည် အမေရိကန်တပ်ဖွဲ့ဝင်တို့၏ ယာဉ်များနှင့် ရဲစခန်းတို့ကို ဗုံးခွဲတိုက်ခိုက်မှုနှင့် ပြောက်ကျားတို့၏ တိုက်ခိုက်မှုပြင်းထန်သော မြို့တစ်မြို့ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်အကျဉ်းသားများကို ကန်တို့နှိပ်စက်သည့် ဓာတ်ပုံများ ကိုဖီအာနန် အလွန်အမင်း စိတ်အနှောင့်အယှက်ဖြစ်ရ

လန်ဒန် မေ ၁

အီရတ်အကျဉ်းသားများကို အမေရိကန်တပ်ဖွဲ့ဝင်များ မတရားညှဉ်းပန်းနှိပ်စက်မှုကို ပြသရန်ရည်ရွယ်ရင်း ရှိသည့် ဓာတ်ပုံများသည် သောကြာနေ့၌ နိုင်ငံတကာဆိုင်ရာ ပြစ်တင်ရှုတ်ချမှုများခံခဲ့ရပြီး အာရပ်တို့က အီရတ်တို့၏ ထောက်ခံယုံကြည်မှုကိုရရှိရန် အမေရိကန်ပြည်ထောင်စု၏ စည်းရုံးလှုံ့ဆော်မှုသည် ယင်းသို့ အကြောင်းခြင်းရာက ယခုအခါ အရှုံးဖြစ်စေသည့်အကြောင်းအချက်ဖြစ်သည်ဟု ပြောဆိုကြသည်။

စီဘီအက်စ် သတင်းအစီအစဉ်က ဗုဒ္ဓဟူးနေ့၌ လွှင့်ခဲ့သည့်နှစ်က အဘူဂရိပ်အကျဉ်းထောင်၌ အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးထားသော အီရတ်တို့ကို မတရားနှိပ်စက်သည့် ဓာတ်ပုံများကို ထုတ်လွှင့်ပြသခဲ့သည်။

ညှဉ်းပန်းနှိပ်စက်

အဆိုပါ ဓာတ်ပုံများသည် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်နေချိန်တွင် အမေရိကန်စစ်သားများ ပြုံးရွှင်ရယ်မောနေပုံများကို ရိုက်ကူးထားသည့်ပုံများ ဖြစ်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ယင်းဓာတ်ပုံများကြောင့် မိမိအလွန်အမင်း စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း ပြောဆိုသည်ဟု ကိုဖီအာနန်၏ ပြောရေးဆိုခွင့်ရှိသူ ဖရက်ဒ်အက်ခ်ခါ့ဒ်က ပြောကြားသည်။

အာရပ်ဂြိုဟ်တု ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသသော ယင်းဓာတ်ပုံများကို တွေ့မြင်ရသည့် အာရပ်သန်းပေါင်းများစွာက ယင်းပုံများသည် အီရတ်အကျဉ်းသားများကို အမေရိကန်တပ်ဖွဲ့ဝင်များ၏ ရိုင်းစိုင်းယုတ်မာမှုအပေါ် ဖော်ပြကြောင်း ပြောဆိုကြသည်။ **အမ်အင်အေ၊ ရိုက်တာ**

အီရတ်မြို့များကို ကန်တပ်များ ထပ်မံပိတ်ဆို့မှု အီရတ်တပ်ဖွဲ့မှ အရာရှိဟောင်းများမလိုလား

ဘဂ္ဂဒက် မေ ၁

အမေရိကန် တပ်ဖွဲ့များအနေဖြင့် အီရတ်မြို့များကို ဝန်းရံပိတ်ဆို့မှုများ ထပ်မံပြုလုပ်မည်ကို အီရတ်တပ်ဖွဲ့မှ အရာရှိဟောင်းများက မလိုလားကြောင်း ပြောကြားခဲ့ကြသည်။

အမေရိကန်တို့ လေ့ကျင့်သင်တန်းပေးထားသည့် အီရတ်တပ်ဖွဲ့ဝင်များသည် ယခုလတိုက်ပွဲများအတွင်း ဝင်ရောက် ဆောင်ရွက်ရန် ငြင်းဆန်ခြင်းနှင့် ထွက်ပြေးခြင်းတို့သာ ပြုလုပ်ခဲ့သည့်အတွက် အမေရိကန်တို့အနေဖြင့် ယခင်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ တပ်ဖွဲ့မှ အရာရှိဟောင်းများကို ပြန်လည်ခေါ်ယူ တာဝန်ပေးခဲ့ရသည်။ ၎င်းအရာရှိများက နိုင်ငံလုံခြုံရေးအတွက် တာဝန်ထမ်းဆောင်လိုကြသော်လည်း လွတ်လွတ်လပ်လပ်နှင့် အာဏာ အပြည့်အဝ ဆောင်ရွက်လိုကြကြောင်း ထုတ်ဖော် ပြောကြားခဲ့ကြသည်။ **(စီအင်န်အင်န်)**

မေ ၁ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်တွင် အီရတ်သို့ တောင်ကိုရီးယား တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မည့်အစီအစဉ်ကို ပယ်ဖျက်ရန် တောင်းဆိုဆန္ဒပြနေကြသည့် ကိုရီးယားပြည်သူများကို တွေ့ရစဉ်။

(ဓာတ်ပုံ- အင်တာနက်)

ဗီယက်နမ်နိုင်ငံ၏ စက်မှုထုတ်ကုန်တန်ဖိုး ယခုနှစ် ပထမလေးလအတွင်း မြင့်တက်ခဲ့

ဟန္နိုင်း မေ ၁

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်၏ ပထမလေးလအတွင်း စက်မှုထုတ်ကုန်တန်ဖိုး ဗီယက်နမ်ဒေါင် ၁၁၄ထရီလီယံ (ဒေါ်လာ၇ဒသမ၃ဘီလီယံ)ထိရှိခဲ့ရာ နှစ်အလိုက် ၁၅ဒသမ၄ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

ပုဂ္ဂလိကကဏ္ဍ၏ စက်မှုထုတ်ကုန်သည် စံချိန်တင်အမြင့်ဆုံးဖြစ်ပြီး ၂၁ဒသမ၄ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍက ၁၄ဒသမ ၁ရာခိုင်နှုန်းနှင့် နိုင်ငံပိုင်ကဏ္ဍက ၁၂ဒသမ၆ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့သည်ဟု အထွေထွေစာရင်းဇယားဌာနက ကြာသပတေးနေ့က ဖော်ပြသည်။

ထုတ်လုပ်မှုတွင် တိုးတက်မှုမြင့်မားသော ကုန်ပစ္စည်းများမှာ မော်တော်ဆိုင်ကယ်၊ ကျောက်မီးသွေး၊ ရုပ်မြင်သံကြား၊ အသင့်ချုပ်အဝတ်အထည်များနှင့် ရေနံစိမ်းတို့ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အမေရိကန်တပ်ဖွဲ့များ ဖော်လူဂျာမှရုပ်သိမ်းပြီ

ဘဂ္ဂဒက် မေ ၁

အီရတ်နိုင်ငံ ဖော်လူဂျာမြို့ အချို့အပိုင်းများ၌ တပ်စွဲထားသော အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များသည် သောကြာနေ့ နံနက်ပိုင်းမှ စတင်၍ရုပ်သိမ်းသွားပြီး အီရတ်ရဲတပ်ဖွဲ့ဝင်များအား မြို့၏နေရာအချို့၌ တပ်ဖြန့်နေရာချထားလိုက်ပြီဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောဆိုသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် ဖော်လူဂျာမြို့တောင်ပိုင်း၊ အနောက်ပိုင်းနှင့် အရှေ့တောင်ပိုင်းမှ ရုပ်သိမ်းသွားပြီဖြစ်သည်။ ယင်းသို့ ရုပ်သိမ်းရာတွင် ၎င်းတို့၏ ရှေ့တန်းစစ်အခြေစိုက်စခန်းများရှိ စက်ရုံများ၊ ကားဂိုဒေါင်များကိုစွန့်ခွာလျက် စက်မှုဇုန်အပါအဝင် နေရာမှ ရုပ်သိမ်းခဲ့ခြင်း ဖြစ်သည်။

အဆုံးသတ်

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့သည် ယခုလစောစောပိုင်းက အပစ်အခတ်ရပ်စဲရေး သဘောတူကြေညာခဲ့သော်လည်း အမေရိကန်တပ်ဖွဲ့ဝင်များနှင့် မြို့နေပြည်သူများသည် အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှု အပြန်အလှန်စွပ်စွဲမှုများကြောင့် ဧပြီ ၅ ရက်က စတင်ပြီးဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများမှာ အဆုံးသတ်သွားပြီး ဖြစ်သည်။

ဆွေးနွေး

အမေရိကန်စစ်ဘက်တာဝန်ရှိသူများက ပြောဆိုရာတွင် ယင်းတို့သည် ဖော်လူဂျာမြို့ ခေါင်းဆောင်များနှင့် ဆွေးနွေးခဲ့ရာတွင် အီရတ်ရဲတပ်ဖွဲ့ဝင်များ ဖော်လူဂျာမြို့၌ တပ်ဖြန့်ချထားရေးနှင့် ဖော်လူဂျာကာကွယ်ရေးတပ်(အက်ဖ်ပီအေ)ကို အသစ်ဖွဲ့စည်းထူထောင်ရေး ကိစ္စများ ဆွေးနွေးခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဗြိတိသျှတပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအားနှိပ်စက်မှု စတင်စစ်ဆေးလျက်ရှိကြောင်း ဗြိတိန်ပြောဆို

လန်ဒန် မေ ၁

အီရတ်အကျဉ်းသားများကို ဗြိတိသျှတပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်ခဲ့သည်ဆိုသော စွပ်စွဲချက်များကို အသေအချာ စတင်စုံစမ်းစစ်ဆေးခဲ့ကြောင်း ဗြိတိန်နိုင်ငံက သောကြာနေ့၌ ပြောကြားသည်။

အကြီးအကျယ် ဝေဖန်ရှုတ်ချခြင်းခံခဲ့ရသော အလားတူ အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား မတရားနှိပ်စက် ညှဉ်းပန်းမှုသတင်းကို ဖော်ပြခဲ့ပြီး နောက်တစ်နေ့တွင် ဗြိတိန်နိုင်ငံက ထိုသို့စုံစမ်းခဲ့ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အမိန့်ထုတ်

စနေနေ့ထုတ် ဒေးလီးမီရာသတင်းစာ၌ အကျဉ်းသားများကို ဗြိတိသျှတပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်နေပုံများကို ဖော်ပြခဲ့ပြီးနောက် ချက်ချင်းစုံစမ်းစစ်ဆေးရန် ဗြိတိန်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆာမိုက်ခ်ဂျက်ဆင်က အမိန့်ထုတ်ပြန်ခဲ့သည်။

ပါဝင်

ဒေးလီးမီရာက ဖော်ပြသည့် ဓာတ်ပုံများတွင် ဗြိတိသျှတပ်ဖွဲ့ ဝင်တစ်ဦးက ခေါင်းစွပ် စွပ်ထားသော အီရတ်တစ်ဦးကိုယ်ပေါ်သို့ ကျင်ငယ်ရည်စွန့်နေသည့်ပုံလည်း ပါဝင်ခဲ့သည်။

စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးနေပြီဖြစ်ကြောင်း၊ အကယ်၍ သက်သေထင်ရှားလျှင် ထိုပြစ်မှုကျူးလွန်သူများကို တပ်မှထုတ်ပယ်မည်ဖြစ်ကြောင်း ဂျက်ဆင်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဧပြီ ၃၀ ရက်က ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်တို့ ပစ်ခတ်သော ဒုံးကျည်ထိမှန်သဖြင့် ခြေနှစ်ဖက်စလုံးဆုံးရှုံးခဲ့ရသည့် အီရတ်အမျိုးသားကြီး တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာအနီး ပျောက်ဆုံးခဲ့သော ဂျာမန်နှစ်ဦး တစ်ဦးကို သေဆုံးလျက်ပြန်လည်တွေ့ရှိ

ပေကျင်း မေ ၂

ပြီးခဲ့သောလက အီရတ်နိုင်ငံ၌ ပျောက်ဆုံးနေသော ဂျာမန်လုံခြုံရေး တပ်ဖွဲ့ဝင်နှစ်ဦးအနက် တစ်ဦးမှာသေဆုံးလျက်တွေ့ရှိခဲ့သည်ဟု ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနက စနေနေ့တွင် ပြောကြားသည်။

အဆိုပါ သေဆုံးလျက်တွေ့ရှိသူသည် ဂျော်ဒန်မှ ဘဂ္ဂဒက်သို့သွားရာ လမ်း၌ ဂျာမန်ယာဉ်တန်းကို တိုက်ခိုက်ခံရစဉ် ပျောက်ဆုံးခဲ့သည့် ဂျာမနီ အကြမ်းဖက်တိုက်ခိုက်ရေး ဂျီအက်စ်ဂျီ-၉ လုံခြုံရေးတပ်မှ တပ်ဖွဲ့ဝင်တစ်ဦး ဖြစ်သည်။

ပျောက်ဆုံးနေသည့် အခြားဂျာမန်တပ်ဖွဲ့ဝင်တစ်ဦးအား တွေ့ရှိရန် ဆက်လက်ကြိုးပမ်းလျက်ရှိရာ ယခုတွေ့ရှိသူ၏ တွေ့ရှိပုံအသေးစိတ်ကို ဂျာမနီနိုင်ငံခြားရေးရုံးက မပြောဘဲထားသည်။ ၎င်းဌာနက ပျောက်ဆုံးဂျာမန်နှစ်ဦးစလုံး သေဆုံးဖွယ်ရှိကြောင်းဖြင့်လည်း စောစောပိုင်းက ပြောဆိုခဲ့သည်။

ဂျာမန်ကျွမ်းကျင်ဆေးပညာရှင်များ၏ အတည်ပြုချက်အရ အဆိုပါ ပျောက်ဆုံး ဂျာမန်နှစ်ဦးအနက်တစ်ဦးသည် သေဆုံးသွားပြီဟု ဂျာမနီနိုင်ငံခြားရေးရုံးက အတည်ပြုခဲ့သည်ကို ၎င်းဝန်ကြီးဌာန၏ သတင်းကြေညာချက်၌ ဖော်ပြထားသည်။

ပျောက်ဆုံးနေသော ဂျာမန်နှစ်ဦးသည် အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားများကို အပြင်းအထန် တိုက်ပွဲများဖြစ်ပွားနေသည့် ဖော်လူဂျာမြို့အနီး၌ ပျောက်ဆုံးခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးရုံးက ပြောဆိုခဲ့သည်။

အမ်အင်အေ၊ရိုက်တာ

ဖော်လူဂျာဒေသလုံခြုံရေးနှင့်တည်ငြိမ်ရေး ယခင် အီရတ်ဗိုလ်ချုပ်ကြီးတာဝန်ယူ ဖော်လူဂျာမြို့တွင်းဝင်လာရာ အီရတ်ပြည်သူများက ဝမ်းမြောက်စွာကြိုဆို

ဘဂ္ဂဒက် မေ ၁

ယခင် အီရတ်ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်သော ဂျက်စ်ဆင်မ်ဆာလီမီဟမ်ဘီသည် ဖော်လူဂျာမြို့၌ အီရတ်တပ်ဖွဲ့ဝင်များနှင့်အတူ အီရတ်ရဲတပ်ဖွဲ့ဝင်များကို အကူအညီပေးပြီး ဒေသတွင်းလုံခြုံရေးနှင့်တည်ငြိမ်ရေးကို တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်သည်။

ဗိုလ်ချုပ်ကြီးဆာလီသည် ယခင် အီရတ်တပ်ဖွဲ့ဝင် ၉၀၀ကို ဦးဆောင်ရမည်ဖြစ်ပြီး ဖော်လူဂျာမြို့တွင်းသို့ ၎င်းဝင်ရောက်လာရာတွင် လမ်းတစ်လျှောက်၌ ဒေသခံ အီရတ်ပြည်သူများက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ကြသည်။

၎င်း၏ တပ်ဖွဲ့ဝင်များအနေဖြင့် အခြေအနေကို ထိန်းချုပ်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ ဖော်လူဂျာမြို့မှ ပြည်သူများအတွက်သာမက အီရတ်ပြည်သူများ အားလုံးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို ပြည်သူများ ကောင်းကျိုးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး ဆာလီက ပြောကြားသည်။ ဖော်လူဂျာမြို့မှ ဒေသခံအချို့သည် ၎င်းတို့၏ ပျက်စီးနေသော နေအိမ်များသို့ စတင်ပြန်လာကြလျက်ရှိပြီး မြို့တွင်းဝင်ရောက်နိုင်ရန်အတွက် စစ်ဆေးရေးဂိတ်များ၌ တန်းစီ စောင့်ဆိုင်းနေရလျက်ရှိသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက ဒေသခံ အရပ်သား တစ်စုံတစ်ဦးကိုမျှ ယမန်နေ့က ဝင်ရောက်ခွင့်မပြုခဲ့ကြောင်း ဒေသခံများက ပြစ်တင်ပြောကြားလျက်ရှိသည်။ **(စီအင်န်အင်န်)**

မေ ၁ ရက်က အင်္ဂလိပ်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် အာဆင်နယ်နှင့် ဘာမင်ဂမ်အသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲ၌ အာဆင်နယ်မှ သီဟာရီအွန်နရီ၏ ထိုးဖောက်ကစားမှုကို ဘာမင်ဂမ်မှ ကွင်းလယ်ကစားသမား ရောဘီဆာဂီက ဟန့်တားစဉ်။ (ယင်းပွဲတွင် ဂိုးမရှိသရေကျခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယတွင် မီးရထားပေါ်နှင့်ဘူတာရုံတို့၌ ဆေးလိပ်သောက်သုံးမှုတားမြစ်

နယူးဒေလီ မေ ၁

အိန္ဒိယနိုင်ငံသည် မီးရထားပေါ်နှင့် မီးရထားဘူတာရုံပရဝဏ်များတွင် ဆေးလိပ်သောက်သုံးခြင်းကို စနေနေ့မှစ၍ တားမြစ်လိုက်သည်။

ဆေးလိပ်နှင့် ဆေးလိပ်ဆက်စပ်ပစ္စည်းများအား ရောင်းခြင်း၊ ကြော်ငြာခြင်း၊ ကူးသန်းရောင်းဝယ်ခြင်း၊ ဖြန့်ဖြူးခြင်းများကိုလည်း မီးရထားအပေါ်နှင့် မီးရထားပရဝဏ်အတွင်း မပြုလုပ်ရန်ကိုလည်း တားမြစ်ပိတ်ပင်မည်ဟု မီးရထားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ မီးရထားဘူတာရုံအတွင်း ဆေးလိပ်သောက်ပါက ဒဏ်ငွေ ရူပီနှစ်ရာပေးဆောင်ရမည်ဖြစ်သည်။ အိန္ဒိယတွင် ဆေးလိပ်သောက်သုံးသူ သန်း ၂၅၀ နီးပါးရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ



အမေရိကန်တပ်များက ဖော်လူဂျာမြို့ကို တစ်လကြာအောင် ထိုးစစ်ဆင် တိုက်ခိုက်ခဲ့မှုကြောင့် လူနေအိမ်များ၊ လမ်းများနှင့် အဆောက်အအုံများ ပြိုကျပျက်စီးလျက်ရှိသည်ကို မေ ၃၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ တစ်လကြာ ထိုးစစ်ဆင်တိုက်ခိုက်ခြင်းကို ခံခဲ့ရသဖြင့် အပြစ်မဲ့ အီရတ်ပြည်သူရာပေါင်းများစွာ သေကျေခဲ့ရပြီး အဆောက်အအုံ အများအပြား ပျက်စီးမှုကြောင့် ဝမ်းနည်းငိုကြွေးနေသည့် အီရတ်တို့အား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၂၉ရက်က ကူဖာမြို့ ယူဖရိတ်တီမြစ်အရှေ့ဘက်ကမ်း၌ တိုက်ပွဲ ဖြစ်ပွားမှု ကြောင့် ပျက်စီး သွားသော နေအိမ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တန်းစီစောင့်ဆိုင်း

အမေရိကန်တပ်ဖွဲ့ဝင်များက ဖော်လူဂျာမြို့ကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့မှုကြောင့် အီရတ်ပြည်သူများမှာ နေအိမ်များကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ (အပေါ်ပုံမှာ မေ ၂၉ရက်က ဖော်လူဂျာမြို့အဝင် စစ်ဆေးရေးဂိတ်၌ နေအိမ်သို့ ပြန်ခွင့်ရရန် တန်းစီစောင့်ဆိုင်းနေသော အီရတ်တို့ကို တွေ့ရစဉ်။)

(ဓာတ်ပုံ-အင်တာနက်)

ပျက်စီး

မေ ၂၈ရက်က ဖော်လူဂျာမြို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းတိုက်ခိုက်မှု ဖြစ်ပွားစဉ်အတွင်း ပျက်စီးသွားသော အီရတ်မော်တော်ယာဉ်တစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၂၉ ရက်က ဘဂ္ဂဒက်မြို့၌ အမေရိကန်တို့၏ ပို့ဆောင်ရေးယာဉ်တစ်စီး ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းခံရပြီး မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်



ပဲခူးတိုင်း အုတ်တွင်းမြို့နယ်တွင် လယ်မြေဧက ၁၃၅၀၀၀ ရေပေးဝေနိုင်မည့် ခပေါင်း ရေလှောင်တမံ ဥမင်လိုဏ် တည်ဆောက်ရေးလုပ်ငန်းခွင်ကို ဤသို့ တွေ့ရသည်။

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အမှတ်(၄) လမ်းမရှိ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပင်မဆောင်သစ်ကြီးကို တွေ့ရစဉ်။

ညောင်တုန်းရေနံမြေ

ဧရာဝတီတိုင်း ညောင်တုန်းဒေသ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေရှိ ညောင်တုန်း တွင်းသစ်အမှတ်(၁၉)မှ သဘာဝဓာတ်ငွေ့နှင့် လေဆီများ ထုတ်လုပ်လျက်ရှိသည်။

ကွင်းချောင်း တံတား

အရှည်ပေ ၃၀၀ ရှိသော ပဲခူးတိုင်း တောင်ငူခရိုင် ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ရှိ ကွင်းချောင်းတံတားကို တွေ့ရစဉ်။

(တံတားပေါ်တွင်တစ်ဖက် ၆ ပေစီ ကျယ်သည့် လူသွားလမ်းပါရှိသည်။ ခွင့်ပြုယာဉ်အလေးချိန်မှာ တန် ၆၀ ဖြစ်သည်။)

နိုင်ငံတော်နှင့် ဒေသခံတိုင်းရင်းသားပြည်သူများပူးပေါင်း မူးယစ်ဆေးဝါးပပျောက်ရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

မူးယစ်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အထူးအစည်းအဝေး(၁/၂၀၀၄) တွင် မူးယစ်ဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်များတင်ပြစဉ်။ (သတင်းစဉ်)

■ ကျောဖုံးမှ

ပြည်ထောင်စု မြန်မာနိုင်ငံတော် အနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် မိမိတစ်နိုင်ငံချင်းသော်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့်ပေါင်းစပ်၍သော်လည်းကောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍သော်လည်းကောင်း၊ တစိုက်မတ်မတ် ဆောင်ရွက်လာခဲ့သည်မှာ ယခုမှသာ မဟုတ်ဘဲ ယခင်အစိုးရ အဆက်ဆက်လက်ထက်ကပင် ဖြစ်ကြောင်း။

အကောင်အထည်ဖော်

သို့သော် မိမိတို့နိုင်ငံတော်အစိုးရ လက်ထက်တွင် အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်သော မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို ပိုမိုပြီး အောင်အောင်မြင်မြင် အကောင်အထည် ဖော်နိုင်ခဲ့သည်ကို တွေ့နိုင်ကြောင်း။

ထို့အပြင် မိမိတို့နိုင်ငံတော် အစိုးရ လက်ထက်တွင် ဒေသခံတိုင်းရင်းသားများ၏ ပူးပေါင်းပါဝင်မှု ရယူပြီး မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများကို နိုင်ငံတော်အတွင်း အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ရာ မူးယစ်ဆေးဝါးပပျောက်ရေး ပင်မ (၁၅)နှစ်စီမံကိန်းကို ၁၉၉၉-၂၀၀၀ ဘဏ္ဍာနှစ်မှ စတင်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ယင်းမူးယစ်ဆေးဝါးပပျောက်ရေး ပင်မ(၁၅)နှစ် စီမံကိန်းကို ငါးနှစ်စီမံကိန်းသုံးကြိမ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခု ၂၀၀၃-၂၀၀၄ဘဏ္ဍာနှစ်တွင် ပထမငါးနှစ်စီမံကိန်းကာလ ပြီးဆုံးတော့မည်ဖြစ်သကဲ့သို့ လုပ်ငန်းများလည်း သိသာစွာ အောင်မြင်တိုးတက်ဖြစ်ထွန်းလာခဲ့သည်ကို တွေ့ရကြောင်း။

ဤသို့ မူးယစ်ဆေးဝါးပပျောက်ရေး(၁၅)နှစ်စီမံကိန်း၏ ပထမငါးနှစ်စီမံကိန်းကာလအတွင်း လုပ်ငန်းများ သိသာစွာ အောင်မြင်ဖြစ်ထွန်းနေသည့် အခြေအနေတွင် လုပ်ငန်းများ ပိုမိုသွက်လက်မြန်ဆန်စွာ အောင်မြင်ဖြစ်ထွန်းစေရအောင် အရှိန်အဟုန်မြှင့်တင်ပေးနိုင်စေရေးအတွက် ပန်းတိုင်သစ်စီမံကိန်း (New Destiny Project) ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ဖြည့်ဆည်းပံ့ပိုး

ပန်းတိုင်သစ်စီမံကိန်းအရ မူးယစ်ဆေးဝါးပပျောက်ရေးနှင့်ပတ်သက်၍ ဘိန်းစိုက်ခင်းများဖျက်ဆီးခံရ၍ အတိဒုက္ခရောက်ရသော၊ စားဝတ်နေရေး အခက်အခဲတွေ့ရသော ဘိန်းစိုက်တောင်သူများအား ဘိန်းခင်း ဖျက်ဆီးပြီးသည်နှင့်တစ်ပြိုင်တည်း ကူညီပံ့ပိုးမှုများကို ချက်ချင်းဖြည့်ဆည်း ကူညီပေးမည်ဆိုသည့်သဘောထားဖြင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ကိုယ်တိုင် ကွင်းဆင်းလျက် စားနပ်ရိက္ခာများ၊ ဘိန်းအစားထိုးသီးနှံမျိုးစေ့များ၊ မွေးမြူရေးအတွက် တိရစ္ဆာန်မျိုးများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး နည်းစနစ်များကို ချက်ချင်းလက်ငင်း ဖြည့်ဆည်းပံ့ပိုးပေးခဲ့ကြောင်း။

သို့ဖြစ်၍ ပန်းတိုင်သစ်စီမံကိန်း ချမှတ်ဆောင်ရွက်ပြီးနောက်ပိုင်းတွင် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများပိုမိုသွက်လက် အောင်မြင်လာသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ ပူးပေါင်းဆောင်ရွက်နေသည့် ဘိန်းအထွက်နှုန်းခန့်မှန်းတိုင်းတာရေးလုပ်ငန်းများ၏ နှစ်စဉ်အစီရင်ခံစာများတွင် မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးမှုမှာရော ဘိန်းထုတ်လုပ်မှုမှာပါ တစ်နှစ်ထက် တစ်နှစ်သိသာစွာ လျော့နည်းကျဆင်းလာသည်ကိုအခိုင်အမာ တွေ့ရှိရကြောင်း။

ယခု ၂၀၀၄ခုနှစ်တွင်လည်းမြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့၏ နှစ်စဉ်ဘိန်းအထွက်နှုန်း ခန့်မှန်းတိုင်းတာရေးလုပ်ငန်းများ၏ ကွင်းဆင်း တိုင်းတာမှုလုပ်ငန်းများကို ၁၀နှစ်မြောက်အဖြစ် အောင်အောင်မြင်မြင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

ကွင်းဆင်းလေ့လာ

နှစ်နိုင်ငံကွင်းဆင်းလေ့လာတိုင်းတာရေး ပူးပေါင်းအဖွဲ့ အနေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်၊ ဆီဆိုင်မြို့နယ်၊ နမ့်စန်မြို့နယ်၊ လဲချားမြို့နယ်နှင့် မိုင်းရှူးမြို့နယ်များ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ မိုင်းခတ်မြို့နယ်များနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) 'ဝ'ဒေသများဖြစ်သည့် ခွင်းမား၊ မိုင်းမော၊နမ့်တစ်၊ လုံထန်၊ ပန်လုံနှင့် ဟိုပန်ဒေသများ၊ ကိုးကန့်ဒေသဖြစ်သည့် လောက်ကိုင်၊ ကွတ်ခိုင် မြို့နယ် ရှောက်ဟော်၊ ကောင်းခါး စသည့်ဒေသများအတွင်း တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်းနေရာများသို့ သွားရောက်၍ ဘိန်းခင်းများ တိုင်းတာလေ့လာခြင်း၊ ဘိန်းနှင့်ပတ်သက်သည့် ဘိန်းသီး၊ ဘိန်းစိမ်းနမူနာပစ္စည်းများ စုဆောင်းရယူခြင်း၊ ဒေသခံ ဘိန်းစိုက်တောင်သူများအား တွေ့ဆုံမေးမြန်းခြင်း၊ဖျက်ဆီးထားသော ဘိန်းခင်းများအား ကြည့်ရှုလေ့လာခြင်းနှင့် ဘိန်းအစားထိုးစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုလေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့ရာတစ်နှစ်ထက်တစ်နှစ် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်လာနိုင်သည်ကို တွေ့ရကြောင်း။

မြန်မာ-အမေရိကန် နှစ်နိုင်ငံ ပူးပေါင်း၍ ဘိန်းအထွက်နှုန်းခန့်မှန်းတိုင်းတာချက်များအရ ၂၀၀၃ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု ဧရိယာ ၄၇၁၃၀ ဟက်တာရှိပြီးထွက်ရှိမှုမှာ ၄၈၄တန်ရှိသဖြင့် ယခင်နှစ်ကထက် ၃၉ ရာခိုင်နှုန်းကျဆင်းကြောင်း ထုတ်ပြန်ပြီးဖြစ်ရာယခုနှစ် တိုင်းတာချက်များအရ ဘိန်းစိုက်ပျိုးမှုအခြေအနေမှာ ယခင်နှစ်ကထက်လျော့နည်းသွားသည့်အပြင် ဘိန်းထွက်ရှိမှုမှာလည်းဆက်လက် လျော့နည်းကျဆင်း သွားနိုင်သည့် အနေအထားရှိသည်ဟုသိရကြောင်း။

ဤကဲ့သို့ တစ်နှစ်ထက်တစ်နှစ် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းကျဆင်းလာခဲ့ခြင်းမှာဘိန်းစိုက်ခင်းများ ဖျက်ဆီးမှုနှင့်ယှဉ်တွဲလျက် ဘိန်းခင်းဖျက်ခံရသော တောင်သူများ အတွက် စားဝတ်နေရေး ကူညီဖြည့်ဆည်းပေးမှုများ ဆောင်ရွက်ခဲ့သည့် ပန်းတိုင်သစ် စီမံကိန်း၏ အောင်မြင်ဖြစ်ထွန်းမှုကြောင့်ဟု ဆိုရမှာဖြစ်ကြောင်း။

အထူးသဖြင့် ပန်းတိုင်သစ် စီမံကိန်းသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင်ထူးထူးခြားခြားအောင်မြင်ဖြစ်ထွန်းနေပြီး ဘိန်းစိုက်တောင်သူများ ကိုယ်တိုင်က ၎င်းတို့၏ ကိုယ်ပိုင်အသိစိတ်ဓာတ်ဖြင့် ဘိန်းစိုက်ပျိုးမှုကို စွန့်လွှတ်ပြီး ဘိန်းမျိုးစေ့များအပ်နှံလာခဲ့ကြသဖြင့် ဘိန်းမျိုးစေ့ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားများကို အစီအရီကျင်းပနိုင်ခဲ့သည်ကိုတွေ့ရကြောင်း။

တစ်ဖက်တွင်လည်း တရားမဝင်စိုက်ပျိုးထားသော ဘိန်းခင်းများ ဖျက်ဆီးမှုများကို ဒေသခံပြည်သူများပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သဖြင့် ၂၀၀၂-၂၀၀၃ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်း ၁၅၅၇ ဧက ဖျက်ဆီးနိုင်ခဲ့ပြီး ၂၀၀၃-၂၀၀၄ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ၂၀၀၄ ခုနှစ် ဧပြီ ၂၀ ရက်အထိ ဘိန်းခင်း စုစုပေါင်း ၇၅၁၉ ဧက ဖျက်ဆီးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ဘိန်းမစိုက်တော့သည့် တောင်သူများအား ကူညီပံ့ပိုးပေးနိုင်မှုများကို ကြည့်လျှင်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကိုးကန့်ဒေသမှ ဘိန်းမစိုက်တောင်သူများအတွက် ဆန်အိတ် ၅၀၀၀ နှင့် ဆားအိတ် ၁၀၀တို့အားလည်းကောင်း၊ ဖောင်းဆိုင်ဒေသမှ ဘိန်းမစိုက် တောင်သူများအတွက် ဆန်အိတ် ၄၀၀နှင့် ဆားအိတ် ၂၀ တို့အားလည်းကောင်း၊ မန်ပန်ဒေသရှိ ဘိန်းမစိုက် တောင်သူများအတွက် ဆန်အိတ် ၆၀၀ နှင့် ဆားအိတ် ၃၀ တို့အားလည်းကောင်း ၂၀၀၃ ခုနှစ် ဇွန်လအတွင်းတွင် အခမဲ့ ထောက်ပံ့ဖြန့်ဖြူးပေးနိုင်ခဲ့သည်ဟု သိရကြောင်း။

ဖြန့်ဝေပေးခဲ့

ဒုတိယအကြိမ် အနေဖြင့်'ဝ' ဒေသမှ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်း၊ ဖယ်ခုံနှင့် ဘိန်းခင်း အများဆုံးဖျက်ဆီးခံခဲ့ရသည့် မိုင်းပန်မြို့နယ်အတွင်းရှိ ကျေးရွာ များအား ဆန်အိတ် ၅၀၀၀နှင့် ဆားအိတ် ၁၅၀ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိနေသည်ဟုသိရကြောင်း၊ ပန်းတိုင်သစ်စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်ပြီး နိုင်ငံတကာမှ သိရှိပြီး ပူးပေါင်း ဆောင်ရွက်လာသည်နှင့် အညီ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) အနေဖြင့်လည်း NGO° အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက် ခဲ့ပြီးဖြစ်သည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၁) ကိုးကန့်နယ်မြေအတွင်း ဆန်တန်ချိန် ၇၆၀ ဖြန့်ဖြူး ပေးရန်ရှိရာ အခမဲ့ဖြန့်ဝေပေးမှု အဖြစ် ကုန်းကြမ်း၊ မန်လော်၊ ရှောက် ကိုင်၊ ရှောက်ပင်ကိုင်နှင့် တာရွှေထန် ဒေသများမှ ကျေးရွာပေါင်း ၁၂၄ရွာ၊ အိမ်ထောင်စု ၇၂၁၂ စု၊ လူဦးရေ ၄၇၉၉၉ ဦးတို့အတွက် ဆန်၁၁၉၃၇ ဒသမ ၆၁ အိတ် (၅၉၆ ဒသမ ၈၉ တန်)အားလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဖြစ်သော လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ယင်လုံအိမ်သာများဆောက်လုပ်ခြင်း၊ ပတ်ဝန်းကျင်ရှိ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများအတွက် ဆန်၃၂၆၂ ဒသမ ၂ အိတ် (၁၃၆ ဒသမ ၁၁ တန်)အားလည်းကောင်း ဖြန့်ဝေပေးခဲ့ရာ စုစုပေါင်း ဆန် ၁၅၂၀၀ အိတ်(၇၃၃ တန်) ဖြန့်ဝေပေးပြီးဖြစ်သည်ဟု သိရကြောင်း။

အိမ်နီးချင်းနိုင်ငံများနှင့် မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ဖြစ်ထွန်းနေသည်ကိုလည်းတွေ့ရကြောင်း။

မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအစီအစဉ်အရ တားဆီးနှိမ်နင်းရေးဆိုင်ရာ ကိစ္စရပ်များကို သတင်းဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများပြုလုပ်လျက်ရှိရာ မူးယစ်ဆေးဝါးတရားမဝင် ထုတ်လုပ်ရောင်းဝယ်မှုများ တားဆီးနှိမ်နင်းခြင်း၊ တရုတ်နိုင်ငံမှ အလိုရှိနေသည့် တရုတ်နိုင်ငံသားမူးယစ်တရားခံပြေးများအားရှာဖွေဖော်ထုတ်ဖမ်းဆီးပြီး တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများကို အောင်အောင်မြင်မြင် ဆောင်ရွက်နေနိုင်သည်ကို တွေ့ရကြောင်း။

မြန်မာ-ထိုင်းနှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများနှင့် ပတ်သက်၍ မြန်မာ-ထိုင်းနှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံနယ်စပ်ဒေသတွင် မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် ထိုင်းနိုင်ငံမှ ဘတ်သန်း ၂၀ အကူအညီပေးရန် သဘောတူညီခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်ရှိ ယောင်ခကျေးရွာအား စီမံကိန်းဒေသအဖြစ် သတ်မှတ်၍ ယောင်ခစံပြကျေးရွာအဖြစ် ထူထောင်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ယောင်ခစံပြကျေးရွာ ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းကို ၂၀၀၁ခုနှစ် ဖေဖော်ဝါရီလတွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဘိန်းအစားထိုးသီးနှံစိုက်ခင်းများ ထူထောင်မှုများအပြင် ကျောင်းသား ၅၀၀ဆံ့ စာသင်ကျောင်းနှင့် ခုတင် ၁၆လုံးဆံ့ တိုက်နယ်ဆေးရုံတစ်ရုံတို့ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထို့အပြင် မိုင်းကာစီမံကိန်းဒေသအတွင်း ဘိန်းအစားထိုးသီးနှံအဖြစ် ပဲပိစပ်နှင့် ပဲတီစိမ်းများစိုက်ပျိုးရေးနှင့် ပတ်သက်ပြီး ပဲတီစိမ်း ၈၀ ဟက်တာ စိုက်ပျိုးရန်အတွက် မျိုးစေ့ ငါးတန်ဖြင့် မိုင်းကာဒေသအတွင်း စံပြစိုက်ကွက် ၅၀အား တည်ထောင်စိုက်ပျိုးပြီး ဒေသခံလယ်သမား ၁၀၀မှ၂၀၀ အထိကို စိုက်ပျိုးရေးသင်တန်းများ ပေးရေးအပါအဝင် ဘိန်းအစားထိုး သီးနှံ ပဲတီစိမ်းစိုက်ပျိုးရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက် ရှိနေပြီဟု သိရကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ကျင်းပသော တောင်သူများ အပ်နှံသည့် ဘိန်းမျိုးစေ့များနှင့် ဖမ်းဆီးရမိသော မူးယစ် ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများ ဖျက်ဆီးသည့်အခမ်းအနားတွင် ဘိန်းမျိုးစေ့များကို မဖျက်ဆီးမီ တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)



ဤကဲ့သို့မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ ထူးထူးခြားခြား အောင်မြင်ဖြစ်ထွန်းပြီး ဘိန်းစိုက်ပျိုးထုတ်လုပ်မှုများ အရှိန်အဟုန်ဖြင့် လျော့နည်း ကျဆင်းလာသည့်အခြေအနေတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ထုတ်လုပ် ရောင်းဝယ်ဖောက်ကားမှုများ ပြန်လည်ခေါင်းထောင်မလာစေရအောင် အလေးထားတားဆီးနှိမ်နင်း သွားရန်လိုအပ်မှာဖြစ်ကြောင်း။

ယခုအခါတွင် စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရမိမှုများ အချို့သောဒေသများတွင် တွေ့ရှိလာရသည့်အတွက် တားဆီးနှိမ်နင်းမှုလုပ်ငန်းများကို အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်သွားရန်လိုကြောင်း။

စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်သည့် အခြေခံဓာတုပစ္စည်းများ (Precursol Chemicals)မှာ အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်လာသည် ဖြစ်ရာ စိတ်ကြွရူးသွပ်ဆေးပြား တားဆီးနှိမ်နင်းရေးလုပ်ငန်းများမှာ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှသာ ထိထိရောက်ရောက် အောင်မြင်နိုင်မှာဖြစ်ကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေးနှင့် စပ်လျဉ်း၍ 'ဝ'ဒေသအတွင်း ၂၀၀၅ ခုနှစ်တွင် မူးယစ်ဆေးဝါး လုံးဝ ပပျောက် ချုပ်ငြိမ်းစေရမည်ဟု 'ဝ' တိုင်းရင်းသားခေါင်းဆောင်များက ကတိကဝတ်ပြုထားသကဲ့သို့ ၂၀၀၅ ခုနှစ်တွင် ကိုးကန့် နယ်မြေအတွင်း မူးယစ်ဆေးဝါး ပပျောက်ချုပ်ငြိမ်းရေးအတွက် ကိုးကန့်တိုင်းရင်းသားခေါင်းဆောင်များက ကတိပြုထားပြီးဖြစ်ကြောင်း။

ပူးပေါင်းပံ့ပိုး

ထို့ကြောင့် ယင်းရည်မှန်းချက်များအတိုင်း အမှန်တကယ် ချုပ်ငြိမ်းပပျောက်စေရအောင် နိုင်ငံတော်အစိုးရဌာနဆိုင်ရာများအပိုင်းက ပူးပေါင်းဆောင်ရွက်ဖွယ်ရာများ၊ ကူညီပံ့ပိုးပေးဖွယ်ရာများကို အရှိန်အဟုန်ဖြင့် ပူးပေါင်းပံ့ပိုး ဆောင်ရွက်ပေးကြရန်မှာကြားလိုကြောင်း။

ခြုံငုံ၍ သုံးသပ်ရလျှင် မူးယစ်ဆေးဝါးပပျောက်ရေး ပင်မ(၁၅)နှစ်စီမံကိန်း၏ ပထမငါးနှစ် စီမံကိန်းလုပ်ငန်းများ၊ ပန်းတိုင်သစ်စီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေပြီး ဘိန်းစိုက်ပျိုးမှု ထုတ်လုပ်မှုများ သိသိသာသာ ထူးထူးခြားခြား လျော့နည်းကျဆင်းလာနေသည်ကို တွေ့ရသကဲ့သို့ စိတ်ကြွရူးသွပ်ဆေးပြားများ ပြန်လည် ခေါင်းထောင်မလာစေရအောင် အလေးပေး တားဆီးနှိမ်နင်းမှုများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရန် လိုအပ်သည်ကိုတွေ့ရကြောင်း။

အလားတူပင် မူးယစ်ဆေးဝါးပပျောက်ရေးနှင့်စပ်လျဉ်း၍နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်တိုးတက်ဖြစ်ထွန်းနေသည်ကို တွေ့ရကြောင်း။

ဤသို့သော အချိန်အခါမျိုးတွင် မူးယစ်ဆေးဝါး ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာအစည်းအဝေးများ၊အာဆီယံဆိုင်ရာအစည်းအဝေးများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးများတွင်ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ မိမိတို့မြန်မာနိုင်ငံဘက်မှ ဆောင်ရွက်ဖွယ်ရာများကို ပြည့်ပြည့်ဝဝ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရအောင် စနစ်တကျ စီမံဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ သို့ဖြစ်၍ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများ ဆက်လက်အောင်မြင်ဖြစ်ထွန်းရေးအတွက် တာဝန်အရှိဆုံးဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့က ပင်မတာဝန်များအဖြစ်ဆောင်ရွက်ရန် လိုသကဲ့သို့ ဆက်စပ်ယှက်နွယ်သည့် ဝန်ကြီးဌာနများကလည်း တက်တက်ကြွကြွ ပူးပေါင်းပါဝင် ပံ့ပိုးဆောင်ရွက်ကြရန် တစ်ဆက်တည်းမှာကြားလိုကြောင်း။

ဝိုင်းဝန်းဆောင်ရွက်

အထူးသဖြင့် ဘိန်းအစားထိုး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ဘိန်းမစိုက်တော့သည့် တောင်သူများအတွက် စားဝတ်နေရေးလိုအပ်ချက်များအား ကူညီပံ့ပိုးရေးတို့အပြင် ဒေသခံပြည်သူများ၏ လူမှုဘဝလုံခြုံရေး၊ လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားရေးတို့အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အခြေခံများ တိုးတက်ဖြစ်ထွန်းစေရအောင် ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးစိုက်ပျိုးထားပြီး ပျိုးပင်ပေါက် အပင်ရေနှစ်သိန်း၊ မျိုးစေ့ပျိုးထောင်မှု အပင်ခြောက်သောင်းရှိပါကြောင်း။

မွေးမြူရေး လုပ်ငန်းအနေဖြင့် မွေးဘက် တိရစ္ဆာန်ကြက်နှင့် ဝက် ၄၇၇၇ကောင်၊ မျိုးကြက်နှင့်ဝက် ၄၉၉၀ကောင်၊ ဆိတ်ကောင်ရေ၃၀၀၊ ငါးသားပေါက်မျိုး ၄၁သိန်း ရှစ်သောင်းရှစ်ထောင့်ရှစ်ရာကောင်၊ မျိုးနွား ၁၈ ကောင်ရှိပါကြောင်း၊ စီမံကိန်းဝင်နယ်မြေဒေသများအတွင်း တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ကုသပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ဆေးကုသရေး လုပ်ငန်းအဖွဲ့၏ ဆောင်ရွက်ချက်အရ မူးယစ်ဆေးစွဲရောဂါကုသရေးဌာနနှင့် ဆေးရုံတိုးချဲ့ဖွင့်လှစ်မှု ၄၆ဌာန၊ သုတေသနလုပ်ငန်းဆောင်ရွက်မှု၂၈ခု၊ ဆေးစွဲရောဂါကုသရေးနှင့် ကာကွယ်ရေးဆိုင်ရာသင်တန်း ၃၈ကြိမ်၊ မူးယစ်ဆေးစွဲ လူနာ ကုသမှုအရေအတွက် ၇၂၇၇ဦး ရှိခဲ့သည့်အတွက် စီမံကိန်းလျာထားချက်ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊UNODCအထောက်အပံ့ဖြင့် ဆောင်ရွက်နိုင်သူ ၈၃ဦးရှိပါကြောင်း။

မူးယစ်ဗဟိုလုပ်ငန်းအဖွဲ့များအနေဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုနှင့် သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဟန်ချက်ညီညီပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သလို မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်သည့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဒေသဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို (နယ်စပ်/စည်ပင်) ဝန်ကြီးဌာန၏ ရန်ပုံငွေဖြင့်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနရန်ပုံငွေဖြင့်လည်းကောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊လမ်းတံတားဆောက်လုပ်ခြင်းနှင့် အဆောက်အအုံဆောက်လုပ်ခြင်းတွင် ကတ္တရာလမ်း မိုင်၂၅၀၊ ကျောက်ခင်းလမ်း ၁၀၀၈မိုင်၊ မြေလမ်း ၉၂၂မိုင် ဖောက်လုပ်ခဲ့ပြီး ဝန်ထမ်းအိမ်ရာနှင့် စာသင်ကျောင်း ၂၃၇ကျောင်း၊ ဆေးရုံ၊ ကျေးလက် ကျန်းမာရေးဌာနနှင့် ဝန်ထမ်းအိမ်ရာ ၃၆လုံး၊ တံတားကီလို၊ ချောင်းဆိုးပျောက်ဆေးရည် ၄၅၆လီတာ၊ ဒိုင်ရာဇီပင်ဆေးပြား ငါးသိန်းကိုးသောင်းခြောက်ထောင်ခြောက်ဆယ့် ခြောက်ပြား၊ အက်ဆစ်တစ်အင်ဟိုက်ဒြိုက် ၂၀၅၃၃လီတာ၊ ဓာတုဆေးရည် ၆၀၉၀၃လီတာ၊ ဓာတုဆေးမှုန့် ၆၂၆၄၁ ကီလိုဖြစ်ပါကြောင်း၊ ဘိန်းချက်စက်ရုံ ဖော်ထုတ်ဖျက်ဆီးမှုအနေဖြင့်လည်း ငါးနှစ်တာကာလအတွင်း စက်ရုံ ၃၃ရုံ ဖျက်ဆီးနိုင်ခဲ့ပြီး ဘိန်းခင်း ဖျက်ဆီးမှုအနေဖြင့် ၆၉၅၆၂ ဧကရှိခဲ့ပါကြောင်း။

တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဆိုင်ရာ ဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် (၆/၂၀၀၂)ဖြင့် ပြဋ္ဌာန်းခြင်း၊ နည်းဥပဒေကို ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာ (၁/၂၀၀၃)ဖြင့် ထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံ အချင်းချင်းအကူအညီပေးရေးဥပဒေ (Mutual Legal Assistance Law) ကိုလည်း ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ မှုများကို နိုင်ငံတကာက သိရှိလာခဲ့ပါကြောင်း၊ မူးယစ်ဆေးဝါး ပပျောက်ရေးနှင့်ပတ်သက်ပြီး နိုင်ငံတကာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့်စဉ်ဆက်မပြတ်ဆက်သွယ် ပူးပေါင်း ဆောင်ရွက်ခဲ့ရာမှာ ပထမ ငါးနှစ်ကာလအတွင်း မူးယစ်ဆေးဝါးနှင့် သက်ဆိုင်သည့် အစည်းအဝေး စုစုပေါင်း ၃၇ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲ ၂၉ကြိမ်၊ သင်တန်းဖွင့်လှစ်မှု သုံးကြိမ်တို့ကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ ကျင်းပခဲ့ပါကြောင်း၊ ထို့အပြင် UNODCနှင့် ပူးပေါင်းဆောင်ရွက်သည့်ရှမ်းပြည်နယ်(မြောက်ပိုင်း) မူးယစ်ဆေးဝါး အလွဲသုံးစွဲမှုလျှော့ချရေးစီမံကိန်း၊ 'ဝ'ဒေသ မူးယစ်ဆေးဝါးထိန်းချုပ်ရေးနှင့် ဖွံ့ဖြိုးရေး (WADP) စီမံကိန်း၊ ထိုင်းနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်ယောင်ခကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့်ဆောင်ရွက်သည့် ကိုးကန့်အထူးဒေသ(၁) ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးစီမံကိန်းများကို ပူးပေါင်းမြေပြင်စာရင်းကောက်ယူရေးလုပ်ငန်းဆောင်ရွက်သည့်နေရာတွင် ယခင်နှစ်များကဲ့သို့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ (မြောက်ပိုင်း)နှင့် (အရှေ့ပိုင်း)နယ်မြေများအတွင်းတွင် ကွင်းဆင်းဆောင်ရွက်မှုအပြင် ရှမ်းပြည်နယ်မှအပ ဘိန်းစိုက်ပျိုးဖွယ်ရာရှိသော နေရာဒေသများသို့ သွားရောက်ပြီး လျှပ်တစ်ပြက် အကဲဖြတ် တိုင်းတာရေးစနစ် (Rapid Assessment Survey)ဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းကို ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း (မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)တို့တွင် သီးခြားဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာ-အမေရိကန်နှင့် မြန်မာ-UNODC ပူးပေါင်းဆောင်ရွက်ချက်များအရ ယခု ၂၀၀၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးမှုနှင့် ထုတ်လုပ်မှုသည် အကြမ်းဖျင်း ခန့်မှန်းချက်များအရ ဆက်လက်လျော့နည်းကျဆင်းလျက်ရှိသည်ဟု သုံးသပ်တွေ့ရှိရပါကြောင်း။

ယခုကဲ့သို့ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းလာချိန်တွင် ကိုးကန့်နှင့် 'ဝ'

မူးယစ်ဆေးဝါးပပျောက်ရေး(၁၅)နှစ် စီမံကိန်းအောင်မြင်ရေး
ပန်းတိုင်သစ်စီမံကိန်းချမှတ်အကောင်အထည်ဖော်

များ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က ရှင်းလင်းတင်ပြရာတွင် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅) နှစ်စီမံကိန်းကို အားဖြည့်သည့်အနေဖြင့် ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးဆိုင်ရာ ပန်းတိုင်သစ် စီမံကိန်းကို ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်ကစပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ ပန်းတိုင်သစ် စီမံကိန်း ဆောင်ရွက်မှုကြောင့် ဘိန်းစိုက်တောင်သူများ အသိစိတ်ဓာတ်ဖြင့် အပ်နှံလာသည့် ဘိန်းမျိုးစေ့နှင့် ဘိန်းသီးခြောက်များ မီးရှို့ဖျက်ဆီးခြင်း စုစုပေါင်း ၁၁ကြိမ် ရှိခဲ့ပြီး အလေးချိန် ၁၆၃၇၂၀ ကီလိုရှိခဲ့ပါကြောင်း၊ ပန်းတိုင်သစ် စီမံကိန်းကိုလာမည့် ဒုတိယ ငါးနှစ်တွင်လည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း။

ပန်းတိုင်သစ် စီမံကိန်းအရ သီးနှံမျိုးစေ့တင်း ၉၀၀၀၀ ၊ ဟင်းသီးဟင်းရွက်မျိုးစေ့ ၇၄၆၁၁ ကီလို၊ နှစ်ရှည်ပျိုးပင် ၅၀သိန်း လေးသောင်းကိုးထောင် ခုနစ်ရာ ကိုးဆယ့်ခြောက်ပင်၊ စပ်မျိုးပြောင်းနှင့် စပ်မျိုးစပါးကိုးသိန်းနှစ်သောင်းတစ်ထောင် သုံးရာခြောက်ဆယ်ကီလို၊ အာလူးကြက်သွန်နှင့်စားဖိုဆောင်သီးနှံ ၃၁၁၃၁ပိဿာ ဖြန့်ဖြူးခြင်းလုပ်ငန်း၊ သီးနှံစမ်းသပ်ကွက် ၄၉၂ဧကနှင့် သီးနှံစံပြကွက် ၉၁၈၆ဧကစိုက်ပျိုးခြင်းလုပ်ငန်းများကို လျာထားသတ်မှတ်ချက်ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ဓာတ်မြေဩဇာနှင့်ပိုးသတ်ဆေးဖြန့်ဖြူးခြင်း၊ မြေယာဖော်ထုတ်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း၊ မြေယာဧက ၂၅၅၈၄ဧက ဖော်ထုတ်ပေးခဲ့ပါကြောင်း။

ပင်မစီမံကိန်း လျာထားချက်မပါဝင်သော်လည်း မက္ကာဒေးမီးယားပင်စိုက်ပျိုးရေးလုပ်ငန်းကို အားဖြည့်ဆောင်ရွက်နိုင်ပါကြောင်း၊ စီမံကိန်းမစတင်မီကတည်းက ကောင်းခါးဒေသနှင့်တာမိုးညဲဒေသတွင် ၁၂ဧကစမ်းသပ်စိုက်ပျိုးခဲ့ပြီး ယခု ၂၀၀၃-၂၀၀၄စိုက်ပျိုးရာသီအတွင်းဆက်လက်တိုးချဲ့ စိုက်ပျိုးခဲ့ရာမှ ဧက၆၀၀ကျော်အပံ့ဖြင့် ဆောင်ရွက်သည့် 'ဝ'ဒေသ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်အရ'ဝ'တောင်ပိုင်းဒေသ မူးယစ်ဆေးစွဲသူများ ပပျောက်ရေးလုပ်ငန်းစီမံချက်ကိုလည်း ပထမငါးနှစ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဆေးစွဲလူနာများကို ဆေးကုသပေးလျက်ရှိပါကြောင်း။

ကျောင်းသားလူငယ်များ အသိပညာပေးရေးလုပ်ငန်းအဖွဲ့အနေဖြင့် ပထမငါးနှစ်အတွင်း ကျောင်းအဆင့်၊ မြို့နယ်အဆင့် ဟောပြောပွဲ ၁၀၃၆၅ ကြိမ်၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးပြပွဲပြိုင်ပွဲ ၉၇၅၂ကြိမ်၊ ဆရာမိဘသင်တန်းပေးမှု ၉၃ကြိမ်၊ အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်မှုနှင့် အဆင့်မြှင့်တင်ပေးနိုင်မှု ၂၀၇ ကျောင်းရှိခဲ့သည့်အတွက် လျာထားချက်ထက် ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပြည်သူများအားပညာပေးလှုံ့ဆော်ရေးလုပ်ငန်းအဖွဲ့အနေဖြင့် စီမံကိန်းဝင်နယ်မြေဒေသများတွင် ပြန်/ဆက်ရုံးများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ရုပ်/သံ ထပ်ဆင့်လွှင့်စက်ရုံပြခန်း၊ နံရံကပ်စာစောင်၊ လက်ကမ်းစာစောင်နှင့် ဓာတ်ပုံပြပွဲများ၊ မူးယစ်ဆေးဝါးပပျောက်ရေးဆိုင်ရာ သတင်းခေါင်းကြီး၊ သတင်းဆောင်းပါး၊ သတင်းဓာတ်ပုံ၊ ဓာတ်လမ်း/သီချင်းနှင့်တွေ့ဆုံမေးမြန်းခန်းများ၊ ရေဒီယိုနှင့်ရုပ်မြင်သံကြားတို့မှ ပညာပေးဟောပြောမှုနှင့် လှုံ့ဆော်မှု၊ မူးယစ်ဆေးဝါးအသိပညာပေးဆောင်းပါး၊ကဗျာ၊ကာတွန်း ဖော်ပြမှုစသည်တို့ကို ပထမငါးနှစ်ကာလ လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပြန်လည်ထူထောင်ပေး

ပထမငါးနှစ်တာ ကာလအတွင်း ပြန်လည်ထူထောင်ရေးစခန်းများအလိုက် ပြန်လည်ထူထောင်မှုပေးနိုင်သူ ရွှေပြည်သာလူငယ်များပြုစုပျိုးထောင်ရေးဌာန ၅၄၉ဦး၊ ရွှေပြည်အေးလူငယ်များပြုစုပျိုးထောင်ရေးဌာန ၁၅၀၊ မန္တလေးပြန်လည် ထူထောင်ရေးစခန်း ၁၁၈ဦး၊ တာချီလိတ် ပြန်လည်ထူထောင်ရေးစခန်း ၂၃ ဦးရှိခဲ့ပြီး ရပ်ရွာအခြေပြုဆောက်လုပ်ခြင်းနှင့်ပြုပြင်ခြင်းလုပ်ငန်း ၃၅စင်းရှိခဲ့ပြီး လျာထားချက်ထက် ပြည့်မီကျော်လွန်ပါကြောင်း၊ အခြားစွမ်းအင်လုပ်ငန်း၊ စက်သွယ်ရေးလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းများလည်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

တားဆီးနှိမ်နင်းရေးလုပ်ငန်းပိုင်းအနေဖြင့် ဖမ်းဆီးရမိမှု ဘိန်း ၁၈၀၆မှု၊ ဘိန်းဖြူ ၅၆၉၄မှု၊ ဆေးခြောက် ၁၉၂၄မှု၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၃၇မှု၊ အက်ဖီဒရင်း ၁၄၂မှု၊ ဒိုင်ယာဇီပင် ဆေးပြား ၁၂မှု၊ ချောင်းဆိုးပျောက်ဆေးရည် ၈၁မှု၊ အက်ဆစ်တစ်အင်ဟိုက်ဒြိုက် ၁၀မှု၊ ဓာတုဆေးရည် ၇၂မှု၊ ဓာတုဆေးမှုန့် ၁၆မှုရှိခဲ့ပြီး ဖမ်းဆီးရမိမှု အရေအတွက်အနေဖြင့် ဘိန်း ၇၃၃၃ကီလို၊ ဘိန်းဖြူ ၁၃၅၇ ကီလို၊ ဆေးခြောက် ၁၆၅၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား တစ်ရာသန်းခြောက်သောင်းလေးထောင်တစ်ရာ့ခြောက်ပြား၊ အက်ဖီဒရင်း ၁၃၉၉၇ ယခုလောလောဆယ်အားဖြင့် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများ ထုတ်ပြန်ရေးစီစဉ်ဆောင်ရွက်လျက်ရှိရာ မကြာမီထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ သတင်းအချက်အလက်များဖလှယ်ရေး၊ စုံစမ်းစစ်ဆေးရေး၊ အရေးယူရေး၊ စစ်ဆေးစီရင်ရေးတို့နှင့်စပ်လျဉ်းပြီး ကုလသမဂ္ဂကွန်ဗင်းရှင်းဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဗဟိုဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ နယ်မြေတာဝန်ခံဝန်ကြီးများနှင့် မြန်မာနိုင်ငံရှိသံတမန်များ၊ နိုင်ငံခြားသတင်းဌာနများ အဖွဲ့သည် နှစ်စဉ် 'ဝ'နှင့်ကိုးကန့်ဒေသ နယ်စပ်ဒေသများသို့ ကွင်းဆင်းလေ့လာခြင်း၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းများကြောင့် မိမိတို့ လုပ်ငန်းအောင်မြင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးပူးပေါင်းဆောင်ရွက်မှုအရ တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာတွင် ၂၀၀၁ ခုနှစ်မှ ယနေ့ထိ တရုတ်နိုင်ငံမှ မူးယစ်ဆေးဝါးပြစ်မှုနှင့် အလိုရှိသည့် တရားခံ ၂၅ဦးကို မြန်မာနိုင်ငံဘက်မှ လွှဲပြောင်းပေးအပ်နိုင်ခဲ့ပါကြောင်း၊ ထို့အပြင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းအနေဖြင့် မြန်မာ-အမေရိကန်ဘိန်းအထွက်နှုန်းတိုင်းတာရေးလုပ်ငန်း၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)နှင့် ပူးပေါင်းပြီး တရားမဝင်ဘိန်းစိုက်ပျိုးမှု မြေပြင်စာရင်းကောက်ယူရေးလုပ်ငန်းများကို ပထမငါးနှစ်စီမံကိန်းကာလအတွင်း ဆက်လက်ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊

ယခု ၂၀၀၄ ခုနှစ် UNODCနှင့် ပူးပေါင်းပြီး တရားမဝင်ဘိန်းစိုက်ပျိုးမှု ဒေသ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသများမှာ ရှိသည့် တောင်သူများ စားနပ်ရိက္ခာဖူလုံမှုအတွက် လူမှုရေးစာနာထောက်ထားမှုရှုထောင့်မှ နိုင်ငံတကာ၏စိတ်ဝင်စားမှု၊ အာရုံစူးစိုက်မှုကိုလည်း ရရှိလာပါကြောင်း။

နယ်စပ်ဒေသများ၏ ပကတိအခြေအနေ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၏ဘိန်းစိုက်ပျိုးမှုပပျောက်ရေး၊ ဒေသဖွံ့ဖြိုးရေးကြိုးပမ်းဆောင်ရွက်ချက်များ၊ နိုင်ငံတော်က ဆောင်ရွက်ပေးနေသည့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကမ္ဘာကသိအောင် အနောက်နိုင်ငံများတွင်စာဖတ်ပရိသတ်များသည် မဂ္ဂဇင်းနှင့် နိုင်ငံတကာသတင်းစာဆရာများ၊ သတင်းထောက်များ၊ TVကင်မရာအဖွဲ့များကိုလည်း မူးယစ်ဗဟိုနှင့် UNODCတို့က အခါအားလျော်စွာ စီစဉ်ပေးလျက် ရှိပါကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အားကစားကွင်း၌ ဘိန်းမျိုးစေ့များနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးပွဲအခမ်းအနားပြုလုပ်ရာ ဒေသခံတိုင်းရင်းသားများ မူးယစ်ဆေးဝါးများကို မီးရှို့ဖျက်ဆီးခဲ့ကြစဉ်။ (ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)

ဗုဒ္ဓပွင့်တော်မူပြီ

ကထိကရဟန်း

ဒေသမှာ အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဘူမိသေခရဖြစ်သော မဟာဗောဓိပင်ကြီး တည်ရှိနေရာ ဝန်းကျင်ဌာနတွင် ဖြစ်၏။ အချိန်မှာ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ နံနက် အရုဏ်ရောင်လာတော့မည့်အချိန် ဖြစ်သည်။ ထိုအချိန်တွင် **"ဗုဒ္ဓပွင့်တော်မူပြီ"**ဟူသော ဘုမ္မစိုးနတ်တို့၏ ကြွေးကြော်သံကြီး ဟိန်းထွက်လာသည်။ ထိုအသံကို ကြားကြရသော စတုမဟာရာဇ်နတ်တို့က ထပ်ဆင့်၍ ကြွေးကြော်ကြပြန်သည်။ ထိုအသံကို ကြားကြရသော တာဝတိံသာ နတ်တို့က ထပ်ဆင့်ကြွေးကြော်ပြန်၏။ ဤသို့ဖြင့် **"ဗုဒ္ဓပွင့်တော်မူပြီ"**ဟူသော ကြွေးကြော်သံကြီးသည် အထက်ဘဝဂ် အကနိဋ္ဌ ဗြဟ္မာပြည်တိုင်အောင် ထွင်းဖောက်ကျော်တက်သွား၏။ ဝန်းကျင်ပတ်ချာ စကြဝဠာတိုက်ပေါင်း တစ်သောင်းတိုင် ပျံ့နှံ့သွားပြီး စကြဝဠာတိုက်တစ်သောင်းလုံး ရေအဆုံးတိုင် တုန်လှုပ်သွား၏။

ထိုအချိန် ထိုဒေသ ထိုဌာနကို စူးစမ်းကြည့်ရှုလိုက်မည်ဆိုပါက ဤဘဒ္ဒကမ္ဘာမြေပြင်ကြီး စတင်ပေါ်ပေါက်ရာအခါက ရှေးဦးစွာပေါ်ထွက်လာခဲ့သည့် ဘူမိသေခရ (မြေအားလုံးတို့၏ ဦးဆောက်ပန်း)ဖြစ်သော ဤမြေအရပ်တွင် သက်တမ်း ၃၅ နှစ်ရှိ ခက်မငါးဖြာတို့ဖြင့် အစောက်အဝန်းညီမျှ လွန်စွာလှပသည့် မဟာဗောဓိပင်ကြီးအောက်တွင် မဟာဗောဓိပင်စည်၏ အရှေ့ဘက်အရပ်၌ ဖြန့်ခင်းအပ်သော မြက်အခင်းပေါ်တွင် အရှေ့လောကဓာတ်သို့ မျက်နှာတော်မူလျက် အပရာဇိတတင်ပလ္လင်ဖြင့် ထိုင်နေတော်မူသော **ရဟန်းတစ်ပါး**ကို ဖူးတွေ့ရမည်ဖြစ်သည်။ ထိုအရှင်မြတ်သည် သက်တော်အားဖြင့် ၃၅ နှစ်အရွယ် တင့်တယ်သော အသားအရေ၊ ၃၂ ပါးသော ယောကျ်ားမြတ် တို့၏ လက္ခဏာတော်တို့ဖြင့် လည်းကောင်း၊ ၈၀ သော လက္ခဏာတော်ငယ်တို့ဖြင့် လည်းကောင်း တင့်တယ်လှ၏။ လွန်ခဲ့သော မဟာသက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့်ညဥ့် အနောမာသောင်အရပ်တွင် ဃဋိကာရဗြဟ္မာကြီး ဆက်ကပ်လာသည့် ကြာသင်္ကန်းကို ဝတ်ရုံထားပြီး ကိုယ်တော်၏ တစ်လံမျှလောက်သော ရပ်ဝန်း၌ ထွန်းလင်းသော ရောင်ခြည်ဖြင့် တောက်ပလျက်ရှိနေ၏။ **"အနေကဇာတိ သံသာရံ"**အစရှိသော ဥဒါန်းတော်ကို စိတ်တော်အစဉ်တွင် ပေါ်ထင်ရွှင်ပျရွတ်ဆိုတော်မူသဖြင့် မျက်နှာတော်သည် အောင်ပွဲအလီလီ ရရှိထားသည့် အောင်ပွဲမှူးကြီးအသွင် ပေါ်ထင်တက်ကြွလျက် ရှိနေ၏။

ထိုပုဂ္ဂိုလ်မြတ်ကား လူ၊ နတ်၊ ဗြဟ္မာဟူသော သတ္တလောကကြီးအတွင်း၌ ကမ္ဘာပေါင်းအသင်္ချေအနန္တ ကြာချင်တိုင်းကြာမှ တစ်ရံတစ်ခါသာ ပေါ်ထွက်လာတတ်သည့် **မြတ်ဗုဒ္ဓပါ** တည်း။ ဤကဲ့သို့သော ဗုဒ္ဓတစ်ဆူ သတ္တလောကကြီး အတွင်း၌ ပေါ်ထွက်ပွင့်တော်မူလာဖို့ဆိုသည်မှာ အလွန့်အလွန်ခဲယဉ်းလှပေ၏။ ဝန်းကျင်ပတ်ချာ တစ်ယူဇနာရှိသော ရှားအနှစ်သား မီးကျီးခဲအစုအတွင်းမှ အထပ်တစ်ရာ ပွင့်လွှာရှိပြီး ဝတ်ဆံဝတ်မှုန်တို့ဖြင့် ထုံသင်းပျံ့လှိုင် အုံ့မခန်းလှပသည့် ပဒုမ္မာကြာပန်းခိုင်ကြီး ငွားငွားစွင့်စွင့် လန်းဆန်းတင့်တယ်စွာ ပေါ်ထွက်လာသကဲ့သို့ ရှိချေ၏။ (သီ၊ ဋီ၊ ၄၈)

ဗုဒ္ဓ

'ဗုဒ္ဓ'ဆိုသည်မှာ တန်ခိုးဣဒ္ဓိပါဒ်ကြီးမားကြသည့် လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းကြီးတို့က လိုက်မမီသော အသိဉာဏ်ရှင် တန်ခိုးဣဒ္ဓိပါဒ်အရှင်ဖြစ်သည်။ ထိုဗုဒ္ဓဟူသော အမည်တော်သည် ဂုဏ်တော်ကိုးပါးတွင် အဌမမြောက် ဂုဏ်တော်ကို စွဲမှီ၍ ဖြစ်ပေါ်လာသော အမည်နာမ ပညတ်တော်ဖြစ်သည်။ ထို**'ဗုဒ္ဓ'**ဟူသော အမည်တော်ကို ထိုက်ထိုက်တန်တန် ရရှိတော်မူသော အရှင်မြတ်တို့မှာ **'ပု၊ ဒိ၊ အာ'** ဟူသော ဝိဇ္ဇာသုံးပါးတွင် အာသဝက္ခယဉာဏ်တော် ဖြစ်သော အရဟတ္တမဂ်ဉာဏ်၏ အဆုံး၌ဖြစ်ပေါ်လာသော ဝိမောက္ခန္တိက အမည်ရသည့် အရဟတ္တဖိုလ်စိတ်တော်ကြီး ဖြစ်ပေါ်အပြီးတွင်–

- ပစ္စေကဗုဒ္ဓါ ရဟန္တာဟူသမျှတို့ ရခြင်းငှာ မထိုက်သော ပရမတ်၊ ပညတ်အရပ်ရပ်အလုံးစုံကို အကုန်အစင်သိမြင်နိုင်စွမ်းသော သဗ္ဗညုတ ဉာဏ်တော်ကြီး၊
- သင်္ခါရ၊ ဝိကာရ၊ နိဗ္ဗာန်၊ ပညတ်ဟူသော ဉေယျဓမ်ငါးအင်ကို သိမြင်တော်မူရာ၌ ဆီးကာပိတ်ပင်ခြင်းမရှိသော အနာဝရကာ ဉာဏ်တော်ကြီး၊
- သုံးတိုက်ဘုံသား အများသတ္တဝါ ဝေနေယျတို့၏ အလိုဆန္ဒအာသယ ကိန်းဟန်ကို ဧကန်သိမြင်နိုင်စွမ်းသော အာသယာနုသယဉာဏ်တော်ကြီး၊
- သုံးတိုက်ဘုံသား အများသတ္တဝါ ဝေနေယျတို့၏ ဣန္ဒြေအနုအရင့် ထောက်ချင့် သိစွမ်းနိုင်သော ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်တော်ကြီး၊
- ယမိုက်ပြာဋိဟာ လွှတ်ခြင်းအရာ၌ လေ့လာတော်မူနိုင်သော ယမက ပါဋိဟာရိယ ဉာဏ်တော်ကြီး၊
- ဝေနေယျများစွာ သတ္တဝါတို့ကို လွန်စွာသနားကြင်နာတော်မူသော မဟာကရုဏာ သမာပတ္တိဉာဏ်တော်ကြီးဟူသော ၆–ပါးသော အသာဓာရဏ ဉာဏ်တော်ကြီးတို့ကို ရရှိတော်မူမြဲဖြစ်သည်။

ထိုဗုဒ္ဓတစ်ဆူ သတ္တလောကကြီးအတွင်း၌ ပွင့်တော်မူလာခြင်းနှင့်စပ်၍ ဗုဒ္ဓက ဤသို့ ဟောတော်မူ၏။

"ရဟန်းတို့ တစ်ဦးသောပုဂ္ဂိုလ်၏ ဖြစ်ပေါ်လာခြင်းသည် ကြီးစွာသော အလင်းရောင်ကြီး၏ ဖြစ်ပေါ်လာခြင်းပေတည်း။ အဘယ်ပုဂ္ဂိုလ်၏ ဖြစ်ပေါ်လာခြင်းနည်း၊ ပူဇော်အထူးကို ခံယူတော်မူထိုက်သော သမ္မာသမ္ဗုဒ္ဓ ကိုယ်တော်မြတ်၏ ဖြစ်ပေါ်လာခြင်းတည်း။ ရဟန်းတို့ စင်စစ်ပူဇော်အထူးကို ခံယူတော်မူထိုက်သည့် သမ္မာသမ္ဗုဒ္ဓ ကိုယ်တော်မြတ်၏ ဖြစ်ပေါ်လာခြင်းသည် ကြီးစွာသော အလင်းရောင်ကြီး၏ ဖြစ်ပေါ်လာခြင်းပေတည်း"(အံ၊ ၁၊ ၂၂)။

ထိုဗုဒ္ဓဟူသော အလင်းရောင်ကြီးကြောင့် လောကသားတို့သည် မြင်သင့်မြင်ထိုက်သော အမှန်တရားတို့ကို မြင်ကြရ၏။ ကုသိုလ် အကုသိုလ်၊ ဓမ္မ အဓမ္မတို့ကို ခွဲခြားသိကြရ၏။ သစ္စာလေးပါးကို ပိုင်းခြားနိုင်ကြရ၏။ အကယ်၍သာ ထိုဗုဒ္ဓဟူသော အလင်းရောင်ကြီး ထွက်ပေါ်မလာခဲ့သော် အမှန်တရားတို့လည်း ကွယ်ပျောက်၊ အကုသိုလ်ဟူ၍လည်း မကြောက်၊ အဓမ္မဟူ၍လည်း မရှုံ့ဖြစ်ကြပြီး အမှောင်ထုကြီးအတွင်း၌ ဆင်းရဲဒုက္ခရောက်ကြရ ပေတော့မည်။

သုမင်္ဂလ ဝိလာသိနီမည်သော သီလက္ခန္ဓာ ဝဂ္ဂအဋ္ဌကထာ စသော အဋ္ဌကထာကြီးများ၌ ဗုဒ္ဓတစ်ဆူ၏ ကျေးဇူးကြီးကျယ်များပြားပုံကို ဤသို့ မိန့်ဆိုကြ၏။

"တစ်ဆူသောဘုရားရှင်သည် အခြားသော တရားဟောခြင်းစသည်ကို ပြုတော်မမူဘဲ အခြားသော တစ်ဆူသော ဘုရားရှင်၏ ဂုဏ်ကျေးဇူးတို့ကို ချီးကျူးပြောဆိုမည်ဆိုပါက သက်တမ်းကုန်၍ ပရိနိဗ္ဗာန်သာ စံတော်မူရမည်။ ထိုဘုရားရှင်၏ ဂုဏ်တော်ကျေးဇူးတော်တို့ကား ကုန်မည်မဟုတ်ပေ" (ဒီ၊ ဠ၊ ၁၊ ၂၅၇၊ စသည်)

ယခု ပွင့်တော်မူလာသော ဗုဒ္ဓ၏ ဂုဏ်ကျေးဇူးတို့ကား ဤမျှ များပြားလှပေတကားဟု ကြည်ညိုသဒ္ဓါပွားကြရပေမည်။

ထိုသို့ ဗုဒ္ဓ၏ ဂုဏ်တော်ကျေးဇူးတော်တို့ အသင်္ချေယျ အပ္ပမေယျ များပြားလှခြင်းကြောင့်ပင်။ ထိုဂုဏ်တော်တို့နှင့်စပ်၍ ရအပ်သော နာမတော်တို့လည်း အသင်္ချေယျရှိနေကြောင်းကို အဘိဓမ္မာ ခုနစ်ကျမ်းတွင် အစဆုံးဖြစ်သော ဓမ္မသင်္ဂဏီကျမ်းကို ဖွင့်သည့်အဋ္ဌသာလိနီ အဋ္ဌကထာ။ (နှာ– ၄၂၀)၌

"ဗုဒ္ဓ၏ ဂုဏ်တော်နှင့်စပ်၍ ရအပ်သော အမည်တော်တို့သည် အသင်္ချေဖြစ်သောကြောင့် ဂုဏ်အားဖြင့် နာမတော် ထောင်ပေါင်းများစွာတို့ကို ဖော်ထုတ်ရာ၏"ဟု ဖွင့်ဆိုသည်။

ထိုအရှင်မြတ်သည် သစ္စာလေးပါးကို သိမြင်တော်မူခြင်းကြောင့် ဗုဒ္ဓ၊ ကိုယ်တော်အားဆယ်ပါး၊ ဉာဏ်တော်အားဆယ်ပါးတို့နှင့် ပြည့်စုံခြင်းကြောင့် **ဒသဗလ၊** နတ်နှင့်လူတို့၏ ဆရာဖြစ်သောကြောင့် **သတ္တာ၊** သိစရာရှိသမျှကို အကုန်အစင် သိမြင်တော်မူခြင်းကြောင့် **သဗ္ဗညူ၊** ခြေနှစ်ချောင်း ရှိသူတို့တွင် အမြတ်ဆုံးဖြစ်သောကြောင့် **ဒွိပဒုတ္တမ၊** မာရ်ငါးပါးကို အောင်မြင်တော်မူသောကြောင့် **ဇိန** ဤသို့စသည်ဖြင့် ဂုဏ်တော်တို့နှင့်စပ်၍ ရအပ်သော ထိုမြတ်ဗုဒ္ဓ၏ နာမတော်တို့ကား အသင်္ချေပင် ရှိနေပေသည်။

ပါရမီတော်

ဤမျှကြီးကျယ်သော ပုဂ္ဂိုလ်မြတ်ကြီးအဖြစ်သို့ ရောက်လာရသည့် ကြီးကျယ်များမြတ်လှသော ဂုဏ်တော်တို့ကို ပိုင်ဆိုင်တော်မူရသည်မှာ ဘာကြောင့်နည်း။ မနှိုင်းယှဉ်အပ် တိုင်းတာမရသော ပါရမီတော်အစုအဝေး ကြောင့်ပင်ဖြစ်သည်။ **'ပါရမီ'** ဆိုသည်မှာ မြင့်မြတ်သော ပုဂ္ဂိုလ်ကျော်တို့၏ အလုပ် ဖြစ်၏။ ဗုဒ္ဓဖြစ်လိုသူ အာဇာနည် ပုဂ္ဂိုလ်ကြီးတို့သည် ထိုပါရမီ ခေါ်သော မြင့်မြတ်သူတို့၏အလုပ်ကို လုပ်ကြရ၏။ ထိုအလုပ်သည် ဒါ**န၊ သီလ၊ နေက္ခမ္မ** စသည်ဖြင့် ဆယ်မျိုးရှိ၏။ ထိုဆယ်မျိုးတွင်လည်း တစ်မျိုး တစ်မျိုး၌ အဆင့်သုံးဆင့်စီ ထပ်ဆင့်ကွဲပြားပြန်သည်။ ထို့ကြောင့် ပါရမီဆယ်ပါး အပြားသုံးဆယ်ဟူ၍ ဖြစ်လာရ၏။ ထိုပါရမီဆယ်ပါး အပြားသုံးဆယ်ကို မဖြည့်ကျင့်ဘဲ ဘုရားတစ်ဆူဖြစ်လာမည် မဟုတ်ပေ။

ကျွန်ုပ်တို့၏ ဗုဒ္ဓသည် အလောင်းတော်သုမေဓာအဖြစ်ဖြင့် ဒီပင်္ကရာဗုဒ္ဓ၏ ခြေတော်ရင်း၌ ဗုဒ္ဓဆုကို ပန်ဆင်ပြီးချိန်မှစလျက် ပါရမီဆယ်ပါး အပြားသုံးဆယ် တို့ကို ဖြည့်ကျင့်တော်မူခဲ့၏။ ထိုတွင် ဒါနပါရမီဆိုသည်မှာ ပြင်ပဥစ္စာ ရတနာ၊ ရွှေ၊ ငွေ စသည်တို့ကို အများသတ္တဝါတို့ ချမ်းသာစေရန် မိမိအတွက် ငဲ့ကွက်ခြင်းမရှိဘဲ ပေးဝေလှူဒါန်းခြင်း **ဒါနပါရမီ၊** မျက်စိ၊ နား၊ နှာစသော ကိုယ်အင်္ဂါအစိတ်အပိုင်း အသားအသွေးတို့ကို ဖြတ်တောက်ထုတ်ယူ လှူဒါန်းခြင်း **ဒါနဥပပါရမီ၊** အသက်ကိုပင် စွန့်လွှတ်ပေးလှူခြင်း **ဒါနပရမတ္ထ ပါရမီ** ဖြစ်၏။ သီလပါရမီအရာမှာလည်း သာမညအဆင့်မျှသာမက ကိုယ်အင်္ဂါ အစိတ်အပိုင်းတို့ကိုပါ စွန့်လွှတ်ထိန်းသိမ်းသည့် **သီလဥပပါရမီ၊** အသက်ကိုပင် စွန့်လွှတ်ကာ စောင့်ထိန်းသည့် **သီလပရမတ္ထပါရမီ**ဟု သုံးဆင့်ရှိ၏။

ထို့နောက် လုပ်ငန်းတစ်ရပ်မှာ ဘဝဝဋ်မှ လွတ်မြောက်ရေးအတွက် ရှေးဦးစွာ ကာမည္ထတ်မှ လွတ်မြောက်အောင်ကြိုးစားသည့် **နေက္ခမ္မပါရမီ** ဖြစ်၏။ ထိုပါရမီလည်း **သာမညနေက္ခမ္မပါရမီ၊ နေက္ခမ္မဥပပါရမီ၊ နေက္ခမ္မပရမတ္ထပါမီ** ဟု အဆင့်သုံးဆင့် ဖြည့်ကျင့်သည်။

ဤသို့ဖြင့် ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလတိုင်အောင် ဖြည့်ကျင့်တော်မူခဲ့၏။

လေးသင်္ချေ

လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းဆိုသော စကား၌ လေးသင်္ချေဆိုသည်မှာ–

(၁) ဒီပင်္ကရာဘုရားပွင့်ရာ ကမ္ဘာကြီး ကုန်ဆုံးသောအခါ ကမ္ဘာကြီးတစ်ခု ပေါ်လာ၏။ ထိုကမ္ဘာမှာ ဘုရားမပွင့်သော သုညကမ္ဘာကြီးဖြစ်၏။ ထိုကဲ့သို့သော သုညကမ္ဘာကြီးပေါင်း မည်မျှဟု ရေတွက်မရအောင် များလှ၏။ ထို့နောက် ကမ္ဘာတစ်ခုပေါ်လာ၏။ ထိုကမ္ဘာ၌ ကောဏ္ဍညဗုဒ္ဓပွင့်တော်မူ၏။ ထိုဘုရားပွင့်ရာ ကမ္ဘာကို အသုညကမ္ဘာဟု ခေါ်၏။ ထိုဒီပင်္ကရာ ဗုဒ္ဓပွင့်ရာကမ္ဘာနှင့် ကောဏ္ဍညဗုဒ္ဓပွင့်တော်မူရာ ကမ္ဘာနှစ်ခုတို့၏အကြား ကာလ၌ ပေါ်ခဲ့သော သုညကမ္ဘာကြီးပေါင်း အသင်္ချေသည် အလောင်းတော် ပါရမီဖြည့်ကျင့်ရာ ဗုဒ္ဓန္တရ အသင်္ချေတစ်ခု ဖြစ်၏။

(၂) ထို ကောဏ္ဍညဗုဒ္ဓပွင့်ရာ ကမ္ဘာကုန်ဆုံးသောအခါ ဘုရားမပွင့်သည့် သုညကမ္ဘာကြီးပေါင်း အသင်္ချေ လာပြန်၏။ ထို့နောက် ကမ္ဘာတစ်ခု ပေါ်လာ၏။ ထိုကမ္ဘာ၌ မင်္ဂလဗုဒ္ဓ၊ သုမနဗုဒ္ဓ၊ ရေဝတဗုဒ္ဓ၊ သောဘိတ ဗုဒ္ဓဟူသော ဗုဒ္ဓ လေးဆူ ပွင့်တော်မူ၏။ ထိုကောဏ္ဍညဗုဒ္ဓပွင့်ရာ ကမ္ဘာနှင့် မင်္ဂလဗုဒ္ဓတို့ပွင့်ရာ ကမ္ဘာတို့၏ အကြားကာလ၌ ပေါ်ခဲ့သော သုညကမ္ဘာကြီးပေါင်း အသင်္ချေသည် အလောင်းတော် ပါရမီဖြည့်ကျင့်ရာ ဗုဒ္ဓန္တရအသင်္ချေ တစ်ခု ဖြစ်၏။

(၃) ထိုဘုရား လေးဆူ ပွင့်တော်မူရာ ကမ္ဘာကုန်ဆုံးသောအခါ သုညကမ္ဘာကြီးပေါင်း အသင်္ချေ လာပြန်၏။ ထို့နောက် ကမ္ဘာတစ်ခု ပေါ်လာ၏။ ထိုကမ္ဘာ၌ အနောမဒဿီ ဗုဒ္ဓ၊ ပဒုမဗုဒ္ဓ၊ နာရဒဗုဒ္ဓ ဟူသော ဘုရား သုံးဆူ ပွင့်တော်မူ၏။ ထိုသောဘိတဗုဒ္ဓဘုရားရှင်တို့ပွင့်ရာ ကမ္ဘာနှင့် အနောမဒဿီ ဘုရားရှင်တို့ပွင့်ရာကမ္ဘာတို့၏ အကြားကာလ၌ပေါ်ခဲ့သော သုညကမ္ဘာ ကြီးပေါင်း အသင်္ချေသည် အလောင်းတော်ပါရမီဖြည့်ကျင့်ရာ ဗုဒ္ဓန္တရ အသင်္ချေတစ်ခု ဖြစ်၏။

(၄) နာရဒဗုဒ္ဓပွင့်ရာ ကမ္ဘာကုန်ဆုံးသောအခါ သုညကမ္ဘာပေါင်း အသင်္ချေ လာပြန်၏။ ထို့နောက် ကမ္ဘာတစ်ခု ပေါ်လာ၏။ ထိုကမ္ဘာ၌ ပဒုမုတ္တရ ဗုဒ္ဓပွင့်တော်မူ၏။ နာရဒဘုရားရှင်တို့ပွင့်တော်မူရာ ကမ္ဘာနှင့် ပဒုမုတ္တရ ဗုဒ္ဓပွင့်တော်မူရာ ကမ္ဘာတို့အကြား၌ ဖြစ်ပေါ်ခဲ့သော သုညကမ္ဘာကြီးပေါင်း အသင်္ချေသည် အလောင်းတော်ပါရမီဖြည့်ရာ ဗုဒ္ဓန္တရအသင်္ချေတစ်ခုဖြစ်၏။

ဤသို့လျှင် အလောင်းတော်ပါရမီဖြည့်ရာ ဗုဒ္ဓန္တရအသင်္ချေ လေးရပ်ဖြစ်၏။

ဒီပင်္ကရာ၊ ကောဏ္ဍညာ၊ ကြားမှာ တစ်သင်္ချေ။
ကောဏ္ဍညနှင့်၊ မင်္ဂလမြတ်စွာ၊ အကြားမှာ မှတ်ပါတစ်သင်္ချေ၊
သောဘိတနှင့်၊ အနောမဒဿီ၊ အကြားဆီ၊ လွန်ပြီတစ်သင်္ချေ၊
နာရဒနှင့်၊ ပဒုမုတ္တရ၊ ကြားကာလ၊ လွန်ထတစ်သင်္ချေ၊
ဗုဒ္ဓန္တရ၊ ကြားကာလ၌၊ သုညကမ္ဘာ၊ မရေသာ၊ လေးဖြာအသင်္ချေ။

ကမ္ဘာတစ်သိန်း

ထို့နောက် ပဒုမုတ္တရဗုဒ္ဓပွင့်ရာ ကမ္ဘာမှ သိခီဗုဒ္ဓနှင့် ဝေဿဘူဗုဒ္ဓနှစ်ဆူ ပွင့်တော်မူရာ ကမ္ဘာအထိ ကမ္ဘာပေါင်း တစ်သိန်း နှစ်ကမ္ဘာ ရှိ၏။ ကမ္ဘာ တစ်သိန်းဟူ၍သာ အလွယ်ခေါ်ကြ၏။ ထိုကမ္ဘာများအတွင်း၌ ဘုရား ၁၂ ဆူ ပွင့်တော်မူကြ၏။ အလောင်းတော်သည် ထိုကမ္ဘာတစ်သိန်း နှစ်ကမ္ဘာ ကာလပတ်လုံးလည်း ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူခဲ့၏။

လေးသင်္ချေတွင်းမှာ သုံးကမ္ဘာ၊ ပွင့်ပါမြတ်ဗုဒ္ဓ၊
တစ်ဆူ၊ လေးဆူ၊ နောက်သုံးဆူ၊ ရှစ်ဆူမြတ်ဗုဒ္ဓ၊
တစ်သိန်းတွင်မူ၊ ဆယ့်နှစ်ဆူ၊ ကြည်ဖြူပွင့်ထွန်းကြ။

ဘဒ္ဒဤကမ္ဘာ

ကမ္ဘာပေါင်းတစ်သိန်း နှစ်ကမ္ဘာမြောက် ကမ္ဘာတွင် သိခီဗုဒ္ဓနှင့် ဝေဿဘူ ဗုဒ္ဓတို့ ပွင့်တော်မူကြ၏။ ထိုကမ္ဘာ ကုန်ဆုံးသောအခါ ဘုရားမပွင့်သည့် သုည ကမ္ဘာပေါင်း ၂၉ ကမ္ဘာကြားခံပြီး ဤဘဒ္ဒကမ္ဘာဖြစ်ပေါ်လာရန် တည်ထောင်ဆဲ ဝိဝဋ္ဋအသင်္ချေယျကပ်အတွင်း၌ စကြဝဠာရေပြင်ကြီးအတွင်းမှ မြေသားအနည်း ငယ် စတင်ပေါ်ထွက်လာခဲ့၏။ ဤမြေသား အနည်းငယ်ပေါ်ထွက်လာခြင်း သည်ပင် ဘဒ္ဒဤကမ္ဘာ၌ ကမ္ဘာ့မြေသားစတင်ခဲ့ရာ ကာလတည်း။ ဤမြေအရပ် သည် ဘူမိသေခရမည်၏။ ထိုမြေအရပ်၌ ပေါက်သော ဗောဓိပင် မင်းတို့၏ အနီးတွင် ဗုဒ္ဓအလောင်းတော်တို့ ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူကြမြဲဖြစ်၏။ တည်နေဆဲဖြစ်သော ဤဘဒ္ဒကမ္ဘာ–ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်တွင် အန္တရကပ် ၆၄ကပ်ရှိရာ အန္တရကပ် ၁၅ကပ်အလွန် ဆုတ်ကပ်ကာလ၏။ အသက် လေးသောင်းတမ်းကာလတွင် ကကုသန္ဓ မြတ်စွာဘုရား ပွင့်တော်မူ၏။ ထိုမှ ဆုတ်၍ ၁၀နှစ်တန်း။ ထို ၁၀–နှစ်တန်းမှတက်၍ အသင်္ချေတန်းရောက်။ ထိုမှ ပြန်ဆုတ်ခဲ့ပြန်ရာ အသက် သုံးသောင်းကာလသို့ အရောက်တွင် ကောဏာဂုံ ဗုဒ္ဓပွင့်တော်မူ၏။ ထိုမှဆုတ်၍ ၁၀နှစ်တန်း၊ ထိုမှတက်၍ အသင်္ချေတန်းရောက်၊ ထိုမှပြန်ဆုတ်၍ အသက် နှစ်သောင်းတန်းကာလအရောက်တွင် ကဿပဗုဒ္ဓ ပွင့်တော်မူ၏။ ထိုကဿပဗုဒ္ဓပွင့်ကာလသို့တိုင် ပါရမီဆယ်ပါးအပြားသုံးဆယ် တို့ကို ဖြည့်ကျင့်တော်မူဆဲပင် ဖြစ်သည်။

ဗုဒ္ဓဂေါတမလောင်းလျာ

ဗုဒ္ဓဂေါတမလောင်းလျာသည် ဝေဿန္တရာဘဝအရောက်တွင် ဗုဒ္ဓတစ်ဆူ အဖြစ်သို့ ရောက်ရန် ပါရမီတော် စုံစေ့ပြည့်ခြင်းသို့ ရောက်၏။ ထို့ကြောင့် တုသိတာနတ်ပြည်၌ သေတကေတုနတ်သားအဖြစ်ဖြင့် ဗုဒ္ဓအဖြစ်သို့ ရောက်ရန် အချိန်အခါကို စောင့်မျှော်စံစားတော်မူပြီး လူတို့၏သက်တမ်း အနှစ်တစ်ရာတမ်း အရောက်တွင် ကပိလဝတ်ပြည့်ရှင် ဘုရင် သုဒ္ဓေါဒန၏ မိဖုရားခေါင်ကြီး မယ်တော်မာယာ၏ ဝမ်း၌ မဟာသက္ကရာဇ် ၆၇ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့ ညဥ့်ပစ္ဆိမ မိုးသောက်ယံကာလ၌ သန္ဓေတော်ယူသည်။ မဟာသက္ကရာဇ် ၆၈ခုနှစ်၊ ကဆုန်လပြည့် သောကြာနေ့ ဝိသာခါ နက္ခတ်နှင့် စန်းယှဉ်စဉ် ဖွားတော်မူသည်။ သက်တော် ၁၆နှစ်အရွယ်သို့ ရောက်သောအခါ ယသောဓရာ မိဖုရားနှင့်အတူ နန်းစည်းစိမ်ကို ခံစားသည်။ သက်တော် ၂၉နှစ်သို့အရောက် မဟာသက္ကရာဇ် ၉၇ခုနှစ်၊ ဝါဆိုလပြည့် ညဥ့်သန်းခေါင်ယံ အခါ၌ တောသို့ထွက်တော်မူကာ အနောမာသောင်၌ ဃဋိကာရဗြဟ္မာကြီး လှူဒါန်းသော ပရိက္ခရာရှစ်ပါးဖြင့် ရဟန်းပြုတော်မူသည်။

အပရာဇိတပလ္လင်

တောထွက်တော်မူသည့်နေ့မှစ၍ ရေတွက်သော် ခြောက်နှစ်ပြည့်ရန် နှစ်လအလိုဖြစ်သော မဟာသက္ကရာဇ် ၁၀၃ခုနှစ် ကဆုန်လပြည့် နံနက်ပိုင်း ဆွမ်းခံမကြွမီအချိန်တွင် သုဇာတာသူဌေးကတော် ကပ်လှူအပ်သော ဃနာနို့ဆွမ်းကို ရွှေခွက်နှင့်တကွ အလှူခံတော်မူပြီး နေရဉ္ဇရာမြစ်ကမ်းသို့ ကြွရောက်တော်မူကာ ဗုဒ္ဓအလောင်းတော်တကာတို့ ရေချိုးတော်မူရာ သုပ္ပတိဋ္ဌိတ ရေဆိပ်၌ ရေချိုးတော်မူ၏။ ထို့နောက် ဃနာနို့ဆွမ်းကို ၄၉လုပ် မယုတ်မလွန် ပြုကာ ဘုဉ်းပေးတော်မူပြီး နေရဉ္ဇရာမြစ်၌ ရွှေခွက်ကို မျှောတော်မူ၏။ ထို့နောက် အနီး၌ရှိသော အင်ကြင်းတော၌ နေသန့် သီတင်းသုံးတော်မူပြီး ညနေချမ်းကာလသို့ ရောက်သောအခါ မဟာဗောဓိပင်ရှိရာသို့ ရှေးရှုကြွ တော်မူသော် ခရီးအကြား၌ သောတ္ထိယမည်သော မြက်ထမ်းသမားထံမှ မြက် ရှစ်ဆုပ်ကို အလှူခံတော်မူပြီး မဟာဗောဓိပင်အနီးသို့ အရှေ့မျက်နှာအရပ်မှ ဝင်တော်မူ၏။ မဟာဗောဓိပင်စည်၏ အရှေ့ဘက်၌ မြက်တို့ကို ဖြန့်ခင်းပြီး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ဖြည့်ကျင့်ခဲ့သော အဓိဋ္ဌာနပါရမီစိတ်ဖြင့် **"ဘုရားမဖြစ်သမျှ ဤတင်ပလ္လင်ကို မဖျက်တော့၊ ဤနေရာမှမထတော့"**ဟု အဓိဋ္ဌာန်ပြုကာ ထိုင်တော်မူလိုက်၏။ ထိုတင်ပလ္လင်သည် မိုးကြိုးပေါင်း အစင်းတစ်ရာ ပစ်ချသော်လည်း ပျက်ခြင်း သဘောမရှိသောကြောင့် အပရာဇိတ တင်ပလ္လင် မည်တော့၏။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ဆရာတိုက်စိုးအထိမ်းအမှတ်စာတမ်းဖတ်ပွဲ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းတက်ရောက်ချီးမြှင့်အားပေး

ရန်ကုန် မေ ၂

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းတို့ ပူးပေါင်းစီစဉ်သော ဆရာတိုက်စိုးအထိမ်းအမှတ် စာတမ်းဖတ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ကုန်သည်လမ်းရှိ စာပေဗိမာန်ခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ချီးမြှင့်အားပေးသည်။

တက်ရောက်

စာတမ်းဖတ်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ် ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဦးမြင့်သိန်း (မြင့်သိန်းအောင်)၊ ဦးသန်းမောင် (သန်းမောင်)၊ အတွင်းရေးမှူး ဦးလှထွန်း (လှထွန်း-တွံတေး)၊ တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းဥက္ကဋ္ဌ ဦးခင်မောင်တင်နှင့် အသင်းဝင်များ၊ စာရေးဆရာ၊ စာရေးဆရာမကြီးများ၊ စာတမ်းရှင်များ၊ စာပေပညာရှင်များ၊ ဖိတ်ကြားထားသူများနှင့်စာပေချစ်မြတ်နိုးသူပြည်သူများ တက်ရောက်ကြသည်။

ဖတ်ကြားတင်ပြ

နံနက်ပိုင်း စာတမ်းဖတ်ပွဲတွင် သဘာပတိ စာရေးဆရာ ဦးလှကြိုင် (ပါရဂူ)က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ဒေါ်ကြန် (မကြန်)က "ရခိုင်ပြည်ရာဇဝင်အသင်းသတင်းစာ"စာတမ်း၊ ဦးကျော်ဝင်း (မနုဿကျော်ဝင်း) က "ပြည်သူ့ဝန်ထမ်းကောင်းတိုက်စိုး"စာတမ်း၊ ဦးအေးချို(မဟာဝိဇ္ဇာ)က "အတ္ထုပ္ပတ္တိဆရာတိုက်စိုး"စာတမ်း၊ ဦးအုံ့မောင် (အုံ့မောင်)က "တိုက်စိုးစိတ်ဓာတ်"စာတမ်းတို့ကိုဖတ်ကြားတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် စာရေးဆရာ ဦးမျိုးသန့်(မောင်ဆုရှင်)က ဆောင်ရွက်ပြီး ဦးမင်းနိုင်(မင်းနိုင်)က "ကျွန်တော်မြင်သော ဆရာတိုက်စိုး" စာတမ်း၊ ဦးစိန်လှိုင်(သူရဇော်)က "တိုက်စိုး၏အမှာစာများ"စာတမ်း၊ ဦးကျော်နိုင်(ထက်မြက်)က "ဆရာတိုက်စိုးအမှတ်တရ"စာတမ်း၊ဦးမြင့်ကြိုင်(ယဉ်ကျေးမှုဗိမာန်)က"ဦးသန်းထွတ်(သန်းထွတ်/တိုက်စိုး)၏ စာကြည့်တိုက်ဆိုင်ရာစာများ"စာတမ်းတို့ကို ဖတ်ကြားတင်ပြကြသည်။

ယင်းနောက်အလှည့်ကျသဘာပတိ ဦးမျိုးသန့်(မောင်ဆုရှင်)က နိဂုံးချုပ်အမှာစကားပြောကြားပြီး စာတမ်းဖတ်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဆရာတိုက်စိုးအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်စဉ်နှင့် စာတမ်းရှင် ဒေါ်ကြန် (မကြန်)က "ရခိုင်ပြည် ရာဇဝင်အသင်း သတင်းစာ"စာတမ်းကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

မာရ်နတ်ရန်

ထိုသို့ အလောင်းတော်အဓိဋ္ဌာန်ဖြင့် တင်ပျဉ်ဖွဲ့ခွေထိုင်နေတော်မူလိုက်လျှင်ပင် တောထွက်သည့်အချိန်မှစ၍ ဖဝါးခြေထပ် ထက်ကြပ်မကွာလိုက်ပါ အခွင့်ချောင်းနေသော မာရ်နတ်က **"သိဒ္ဓတ္ထသည် ဤအဓိဋ္ဌာန်ကို ဖျက်၍ ထမပြေးလျှင် ငါ့နယ်မှ ကေန်လွတ်တော့မည်"**ဟု သိလိုက်၏။ ထို့ကြောင့် မိမိကိုယ်တိုင် ဂီရိမေခလာမည်သော ဆင်ကြီးကိုစီးပြီး ရှေ့မှ ၁၂ယူဇနာ၊ လက်ယာ၊ လက်ဝဲမှ ၁၂ယူဇနာစီ၊ နောက်မှ စကြဝဠာတိုက်အဆုံးတိုင်ရှိသော နတ်စစ်သည်များဖြင့် ချီတက်လာပြီး **"ဟရေသိဒ္ဓတ္ထ ဥဋ္ဌေဟိ = ဟေ့သိဒ္ဓတ္ထ ထလော့"**ဟု ခြိမ်းခြောက်အော်ဟစ်လေသည်။ အလောင်းတော်သည် ခန္တီ၊ မေတ္တာ၊ ဝီရိယ၊ ပညာအစရှိသော ပါရမီကုသိုလ်တော်အင်အားဖြင့် မာရ်နတ်၏ရန်ကို နေမဝင်မီပင် အောင်မြင်တော်မူသည်။

ပု-ဒိ-အာ

အလောင်းတော်သည် မာရ်နတ်မင်း၏ နှောင့်ယှက်မှုကို အောင်မြင်တော်မူပြီးသောအခါ အာနာပါနသတိ ကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူပြီး ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့ကိုဖြစ်ပေါ်စေ၏။ ထို့နောက် အဘိညာဉ်စိတ်တော်အစဉ်ဖြင့် ရှေးကနေခဲ့ဖူး၊ ဖြစ်ခဲ့ဖူးသည့် ခန္ဓာအစဉ်ဘဝအလျှင်ကို ဆင်ခြင်တော်မူလေ၏။ ထိုအခါ ယခုဘဝမတိုင်မီ သေတကေတုနတ်သားဘဝ၊ ထိုမှ ဝေဿန္တရာဘဝစသည် ဟို-ရှေးရှေးအတိတ်ဘဝတို့ကို မြင်တော်မူသည့် ပုဗ္ဗေနိဝါသအဘိညာဉ်ကို ရရှိတော်မူ၏။ ထိုအဘိညာဉ်ဖြင့် ညဉ့်၏ ပထမယာမ်ပတ်လုံး သီတင်းသုံးတော်မူပြီး မဇ္ဈိမယာမ်သို့ ရောက်သောအခါ အဘိညာဉ်စိတ်တော်ကို သတ္တဝါတို့၏ စုတိ၊ ပဋိသန္ဓေတို့ကို မြင်ရန် ကံအားလျော်စွာ လားရောက်နေကြရပုံတို့ကို သိနိုင်ရန် အာရုံပြု၍ ညွှတ်တော်မူလိုက်ရာ နတ်တို့၏မျက်စိနှင့် အလားတူသော ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရရှိတော်မူ၏။ မဇ္ဈိမယာမ်ပတ်လုံးကို ထိုဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့်သာကုန်လွန်စေ၍ ပစ္ဆိမယာမ်သို့ရောက်သောအခါ အလွန်တည်ကြည်ထက်မြက်လျက်ရှိသော စိတ်တော်အစဉ်ကို မိမိ၏ ခန္ဓာအစဉ် နာမ်ရုပ်အစဉ်ကို အာရုံပြုဆင်ခြင်တော်မူရာ၏။ **"ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ"**ဟူသော သိဒ္ဓတ္ထဘဝရုပ်နာမ်အစဉ်ကို မြင်တော်မူသည်။ ထိုနောက် သေတကေတုနတ်သားဘဝက **"အဝိဇ္ဇာ၊ သင်္ခါရ"**တို့ကို မြင်တော်မူ၏။ ထိုနောက် ကိုယ်တော်မြတ်၏ အနာဂတ်ကို ဆင်ခြင်တော်မူရာ ကုန်နေပြီဖြစ်သော ဇာတိနှင့် ဇရာမရဏတို့ကို မြင်တော်မူသည်။ ဤသို့လျှင် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၊ သင်္ခါရကြောင့် ဝိညာဉ်ဖြစ်၊ ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ် ဤသို့ အနုလောမအားဖြင့် လည်းကောင်း၊ ဇရာမရဏဖြစ်ရသည်မှာ ဇာတိကြောင့်၊ ဇာတိဖြစ်ရသည်မှာ (ကမ္မ)ဘဝကြောင်း ဤသို့ စသည်ဖြင့် ပဋိလောမအားဖြင့်လည်းကောင်း၊ ဤသို့ အနုလုံ၊ ပဋိလုံ၊ အစုန်အဆန် အပြန်ပြန်အထပ်ထပ် သုံးသပ်ဆင်ခြင်တော်မူ၏။ ကိုယ်တော်မြတ်၏ ခန္ဓာအစဉ်ဟူသော ပဋိစ္စသမုပ္ပာဒ်တွင်သာမက စကြဝဠာတိုက်ပေါင်း ကုဋေတစ်သိန်းအတွင်း၌ ရှိနေကြသည့် လူ၊ နတ်၊ ဗြဟ္မာဟူသော သတ္တဝါမှန်သမျှတို့၏ ပဋိစ္စသမုပ္ပာဒ်ဟူသော ဖြစ်စဉ်တို့ကိုပါ ရှုဆင်ခြင်တော်မူ၏။ ထိုသို့ ရှုဆင်ခြင်တော်မူသောအခါ စကြဝဠာ ကုဋေတစ်သိန်းအတွင်း၌ ရှိကြသည့် သတ္တဝါအားလုံးတို့ကို ပဋိစ္စသမုပ္ပာဒ်စက်ရုပ်ကြီးများအဖြစ်ဖြင့် မြင်တော်မူလေ၏။

ဤသို့လျှင် ဝိပဿနာဉာဏ်တော်ကြီးဖြင့် ရှုရမည့် တရားတို့မှာ ကုဋေတစ်သန်းနှစ်သိန်း ဖြစ်ကုန်၏။ ကုဋေတစ်သန်း နှစ်သိန်းကုန်သော တရားအစုတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တသုံးမျိုးဖြင့် သုံးသပ်ဆင်ခြင်တော်မူရာ မဟာဝဇိရဝိပဿနာဉာဏ်တော်ပေါင်း ကုဋေသုံးသန်းခြောက်သိန်း ရှုပွားပြီး ဖြစ်တော့၏။

ဤသို့ မဟာဝဇိရ ဝိပဿနာဉာဏ်တော်ကြီးအဆုံး၌ မဂ်ဉာဏ်လေးဆင့် စဉ်တိုင်းပွင့်၍ ဖိုလ်ထီး လေးဆင့်ဖွင့်တော်မူအပြီးတွင် သဗ္ဗညုတဉာဏ်တော်ကြီး အဝင်အပါ အသာဓာရဉာဏ်တော် ခြောက်ဆိုင် တစ်ပြိုင်တည်းရတော်မူသည်နှင့် **"ဗုဒ္ဓပွင့်တော်မူပြီ"**ဟူသော ဘုမ္မစိုးနတ်တို့၏ ကြွေးကြော်သံကြီးထွက်ပေါ်လာကာ စကြဝဠာတိုက်တစ်သောင်းလုံး ရေအဆုံးတိုင် ပျံ့နှံ့တုန်လှုပ်သွားခြင်း ဖြစ်လေ၏။

*** ရှားမီးပုံလယ်၊ ကြာပန်းနှယ်၊ အံ့ဖွယ်ဗုဒ္ဓ ပွင့်ခဲ့ပြီ၊**
ဗုဒ္ဓပွင့်မှ၊ နာခွင့်ရ၊ ဓမ္မရတနာ လည်နေပြီ၊
ဓမ္မကျင့်မှ၊ ဖြစ်ပေါ်ရ၊ သံဃရတနာ ရှိနေပြီ။ ။

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

သဗ္ဗညုပုထိုးတော်ကြီးရွှေထီးတော်တင်အထိမ်းအမှတ် သီတဂူဆရာတော်ဘဒ္ဒန္တဉာဏိဿရ တရားဟောကြားမည်

ရန်ကုန် မေ ၂

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်းရပ်ကွက်တွင် တည်ထားကိုးကွယ်မည့် သဗ္ဗညုပုထိုးတော်ကြီးအား စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်တင်လှူပူဇော်ခြင်း အခမ်းအနားကို ၁၃၆၈ ခုနှစ် ကဆုန်လပြည့်နေ့ (မေ ၃ ရက်)တွင် ကျင်းပမည်ဖြစ်ရာ အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဉာဏိဿရက အနုမောဒနာတရားတော်များကို အခမ်းအနားကျင်းပရာ သဗ္ဗညုပုထိုးတော်ကြီးတွင် ကဆုန်လပြည့်နေ့ည ၇ နာရီတွင် ဟောကြားတော်မူမည်ဖြစ်၍ အလှူဒါယကာဒါယိကာမများ တရားနာကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာတောင်ညွန့်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာစည်းဝေး

ရန်ကုန် မေ ၂

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် လုပ်ငန်းဆိုင်ရာအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းရုံးခန်းမတွင်ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးသန်းလှိုင်(တက္ကသိုလ်သခ်)၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသန်းငွေနှင့် မြို့နယ်အဖွဲ့ အစည်းအသီးသီးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)နှင့် အမှုဆောင်များ၊ စာရေးဆရာများ တက်ရောက်ကြသည်။

အခမ်းအနား သဘာပတိအဖြစ် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူးဦးရဲဇော် (ကိုရဲဇော်)က ဆောင်ရွက်သည်။

သဘာပတိဦးစိုးဝင်း (တက္ကသိုလ်စိုးယဉ်)၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ဦးသန်းလှိုင် (တက္ကသိုလ်သခ်)၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုတို့က အမှာစကားပြောကြားပြီး နှစ်ပတ်လည်အစီရင်ခံစာကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသက်ဆွေ (ရှေ့ဆောင်တင်ဆွေ)က ဖတ်ကြားတင်သွင်းအတည်ပြုပြီး လစ်လပ်နေသည့် အမှုဆောင်နေရာတွင် ဒေါ်အေးအေးသိန်း (တက္ကသိုလ်အေးမြစန္ဒာ) အား ရွေးချယ်ခဲ့ကြသည်။ **(မြန်မာ့အလင်း)**

လောင်စာတွေကိုရှင်း
မီးဘေးအန္တ ရာယ်ကင်း

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ခုနှစ် ကဆုန်လပြည့်နေ့
(ဥပုသ်နေ့)
၃-၅-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ပတ်ကုန်းပျော်ဘွယ်ရပ် မဟာဝိဇိတာရုံကျောင်းတိုက် ပဓာန နာယကအဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဆရာတော်ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ ဟောကြားတော်မူသော 'ကဆုန်လပြည့် ဗုဒ္ဓနေ့တရားတော်'
၈း၁၀	၅။	ဓမ္မပူဇာတေးအစီအစဉ်
၈း၂၀	၆။	ဂုံညင်းတန်းတံတား
၈း၃၀	၇။	International News
၈း၄၅	၈။	Hill of Dhamma
၉း၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	ဓမ္မပူဇာတေးအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ပထဝီဝင်အထူးပြု) (ရုက္ခဗေဒ)
၁၇း၁၅	၆။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၇း၃၀	၇။	စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၇း၄၅	၈။	ကုသိုလ်ပန်းဝေ သွန်းညောင်ရေ
၁၈း၀၀	၉။	ကဆုန်လပြည့်နေ့တေးများ
၁၈း၁၅	၁၀။	Discovery
၁၈း၃၀	၁၁။	ညနေခင်းသတင်း
၁၉း၀၀	၁၂။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၃။	သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ ကဆုန်လပြည့် ဗုဒ္ဓနေ့တရားတော် [သံဝေဇနီယလေးဌာန(ဖွား၊ပွင့်၊ဟော၊စံ)]
၁၉း၄၀	၁၄။	တိတ်ဆိတ်ငြိမ်းချမ်း စိတ်ချမ်းမြေ့စရာ ဓမ္မစွမ်းရည်သာသနာ့ရိပ်သာ
၂၀း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"**(အပိုင်း-၂၉)
	၁၉။	မင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် သံစုံတီးဝိုင်းသရုပ်ပြတီးခတ်မှုကြည့်ရှု ဂီတပညာရှင်များအားရင်းရင်းနှီးနှီးနှုတ်ဆက်အားပေး၊ ဂုဏ်ပြုဆုငွေချီးမြှင့်

ရန်ကုန် မေ ၂

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ကြီးမှူးကျင်းပသည့် နိုင်ငံတော်သံစုံတီးဝိုင်း သရုပ်ပြတီးခတ်မှုအစီအစဉ်များကို ယနေ့ ည၇နာရီ၁၅မိနစ်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ **Myanmar Convention Centre** ခန်းမဥ္စကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည့်ရှုအားပေးသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ကြီးမှူးကျင်းပသည့် နိုင်ငံတော်သံစုံတီးဝိုင်း သရုပ်ပြတီးခတ်မှုအစီအစဉ်များကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

အဆိုပါ နိုင်ငံတော်သံစုံတီးဝိုင်း သရုပ်ပြတီးခတ်တင်ဆက်ပွဲသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံတော်သံစုံတီးဝိုင်း ကော်မတီဝင်များ၊ ဂီတပညာရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

သရုပ်ပြတီးခတ်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များအား Conductor ဗိုလ်ကြီး သက်တင်အောင်နှင့် ဦးတင်သိန်းတို့ ဦးစီးသော နိုင်ငံတော်သံစုံတီးဝိုင်းပညာရှင်များ၏ သရုပ်ပြတီးခတ်မှုအစီအစဉ်များဖြင့်တင်ဆက်ရာ နိုင်ငံတော် သံစုံတီးဝိုင်းပညာရှင်များ စုပေါင်း၍ 'ပြည်ထောင်စုမြန်မာ နိုင်ငံတော်'နိုင်ငံတော်သီချင်းဖြင့် စတင်သရုပ်ပြတီးခတ်သည်။

ဆက်လက်၍ W.A Mozart ၏ 'Symphony No. 41' တီးခတ်မှုအစီအစဉ်၊ အကယ်ဒမီ ဂီတလုလင် ဦးကိုကို ပြန်လည်ဆန်းသစ်သည့် 'တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်' တီးခတ်မှုအစီအစဉ်၊ Beethoven ၏ 'Minuet in G' တီးခတ်မှုအစီအစဉ်၊ အကယ်ဒမီ ဂီတလုလင် ဦးကိုကို ပြန်လည်ဆန်းသစ်သည့် 'နဂါးနီ' သီချင်းတီးခတ်မှုအစီအစဉ်၊ W.A Mozart ၏ 'Eine KleineNatch Musik' တေးသွားတီးခတ်မှု အစီအစဉ်နှင့် အကယ်ဒမီ ဂီတလုလင် ဦးကိုကို စီစဉ်သည့် 'Ayarwadi The Great River' (1st,2nd,3rd Movement) တီးခတ်မှုအစီအစဉ်တို့ဖြင့် တင်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော်သံစုံတီးဝိုင်း ကော်မတီဝင်များ၊ နိုင်ငံတော်သံစုံတီးဝိုင်းမှ ဂီတပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး နိုင်ငံတော်သံစုံတီးဝိုင်းမှ ဂီတအနုပညာရှင်များအား ဂုဏ်ပြုဆုငွေချီးမြှင့်သည်။

(သတင်းစဉ်)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တိုးချဲ့ရေးစီမံကိန်း ဝန်ကြီးဗိုလ်ချုပ်လှမြင့်ဆွေ လုပ်ငန်းပြီးစီးမှုကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်လိုက်ပါလျက် ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တိုးချဲ့ရေး စီမံကိန်းလုပ်ငန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ စီမံကိန်းမန်နေဂျာ ဦးနေလင်းက စီမံကိန်းလုပ်ငန်းပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စီမံကိန်းလုပ်ငန်းများ ဆောလျင်စွာပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးသည် ဘိုးပိုင်တိုင်များ ပြီးစီးမှုအခြေအနေ၊ လေယာဉ်ရပ်နားနေရာ မြေဖို့လုပ်ငန်းဆောင်ရွက်နေမှု၊ လျှပ်စစ်ဓာတ်အားပေးရုံ တည်ဆောက်ပြီးစီးမှု၊ ရေဆိုးစက်ရုံ တည်ဆောက်ပြီးစီးမှုနှင့် မြေအောက်ရေမြောင်းများ ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**

ထိုမှတစ်ဆင့် ဝန်ကြီးသည်လေဆိပ်စိမ်းလန်းစိုပြည်ရေးအတွက် လိုအပ်သောရေရရှိရန် ရေပေးဝေမည့်ရေကန်တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မဟာဗောဓိအောင်ပွဲ

* မဟာပထဝီ၊ မြေသည်တုန်ဟည်း
မြစ်ကြီးသမုဒ္ဒရာ၊ ခိုးလှုံဖြာ၍
ဥက္ကာကျသံ၊ တော်လဲသံတို့
ဝဲပျံ့ပဲ့ထပ်၊ မာရ်နတ်ယုတ်မာ
ရောက်လာဘိငြား၊ စကားမောက်မို
ဤသို့ဆို၏ "အို...သိဒ္ဓတ္ထ
ထလော့ချက်ချင်း၊ ယခု ဆင်း..."တဲ့
မာန်တင်းရုန့်ရမ်း၊ ဒေါသလွှမ်းကာ
မိုးကြိမ်း ရေဆိုး၊ အစပျိုးသည့်
ကိုးမည် လက်နက်၊ ကိုင်စွဲလျက်လျှင်
တွယ်မက် ပြင်းစွာ၊ လုယက်လာသည်
အပရာ ဇိတ ပလ္လင်ကို။

* အလောင်းတော်မြတ်၊ မင်းသိဒ္ဓတ်ကို
မာရ်နတ်တိုက်ဖျက်၊ ကိုးလက်နက်ဖြင့်
စက် လက်နက်ပြင်း၊ ခြေတော်ရင်း၌
သက်ဆင်းရွှေညို၊ ခြေသုတ်ကြိုးနှယ်
တန်ဖိုးမဲ့ကင်း၊ ပျပ်ဝပ်ဆင်းသော်
မင်းသိဒ္ဓတ္ထ၊ မိန့်မြွက်ဟသည်
"စမ်းကျ ရေနှယ် အေးအေးတည်း။"

* အသင်မာရ်နတ်၊ မြတ်သောရွှေပလ္လင်
ဗောဓိပင်ကား၊ သင်နှင့်မရာ
ပါရမီရှင်မြတ်၊ ပိုင်ဆိုင်အပ်သည်
မြတ်သောနေရာ အမှန်တည်း။

* ယင်းသို့မြွက်ဖော်၊ အလောင်းတော်လျှင်
ရှေးသော်ကာလ၊ ဘဝများစွာ
ပြုဖူးပါသည့် ဒါန သီလ အစရှိသည်
ပါရမီဆယ်ပါး၊ ဆင်ခြင်ပွား၍၊ မြေသားပထဝီ
သက်သေတည်သော်၊ လည်သည်သွက်သွက်၊ အိုးထိန်းစက်သို့
ကြောက်မက်ဖွယ်ရာ၊ မြေကမ္ဘာသည်၊ ပြင်းစွာမြည်ဟည်း
ရိုက်ခတ်တီး၍၊ ရင်သည်းနှလုံး ၊ပွတ်ချေမှုန်းသို့
အုန်းကျွက်ဆူညံ၊ ဘဝင်လျှံသော်
မာရ်နတ်ယုတ်မာ၊ ခေါင်းဆောင်လာသည့်
ပေါင်းပါအစုံ၊ နတ်သူပုန်တို့
တုန်လှုပ်ပြင်းပြ၊ ဆုတ်ခွာရသည်
ဝသဝတ္တီ ဆီသို့တည်း။ ။

မြင်းမူ မောင်နိုင်ပိုး

3-5 (12).p65 1 03/24/1905, 10:32 PM

စာမျက်နှာ ၉ မှ

ဆက်လက်ပြီး ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင် ရွက်ရေး အေဂျင်စီ (JICA)ရုံးချုပ် ဒေသဆိုင်ရာအုပ်ချုပ်မှု ဒါရိုက်တာ Mr. Mikiharu Sato ခေါင်းဆောင်သည့်အဖွဲ့ တင်ပြသည့် ဘိန်းအစားထိုးပန်းဂျုံ စိုက်ပျိုးရေးစီမံကိန်းအပေါ် လေ့လာတွေ့ရှိချက်နှင့် ထောက်ခံအကြံပြုချက်စာပါ အချက်အလက်အချို့ကို တင်ပြလိုပါကြောင်း၊ JICA ရုံးချုပ်မှ အုပ်ချုပ်မှုဒါရိုက်တာ Mr. Mikiharu Sato ခေါင်းဆောင်သည့်အဖွဲ့သည် ၂၀၀၄ခုနှစ် ဖေဖော်ဝါရီ ၆ရက်မှ ၁၄ရက်ထိ မြန်မာနိုင်ငံသို့လာရောက်ပြီး ကိုးကန့်အထူးဒေသ(၁)ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုအစီအစဉ် အကောင်အထည်ဖော်ရေးနှင့် ပတ်သက်သည့် အချက်အလက်များပြုစုရန် ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ကြပါကြောင်း။

မူးယစ်ဆေးဝါး ပပျောက်ရေး (၁၅)နှစ် စီမံကိန်း၏ ပထမငါးနှစ်တာကာလအတွင်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများ၊ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုလျော့နည်းကျဆင်းလာမှုများအပေါ် သုံးသပ်ကြည့်မည်ဆိုပါက နိုင်ငံတော်အစိုးရ၏ သန္နိဋ္ဌာန်စိတ်ဖြင့် အကောင်အထည်ဖော်ခြင်း၊ တက်ကြွ စွာကွပ်ကဲကြပ်မတ် ဖြည့်ဆည်း ဆောင်ရွက်ပေးခြင်း၊ ဒေသအာဏာပိုင်များ၊ ဒေသခံ တိုင်းရင်းသား ခေါင်းဆောင်များ၊ တိုင်းရင်းသားပြည်သူများ ကိုယ်တိုင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုကြောင့်လည်းကောင်း၊ နိုင်ငံတော် အစိုးရ၏ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးဒေသ ၂၄ခု စီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် စီမံကိန်းများကြောင့် နယ်စပ်ဒေသ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝ တိုးတက်မြင့်မားလာခြင်းကြောင့်လည်းကောင်း၊ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်း၏ ပထမငါးနှစ် စီမံကိန်းရည်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင်ခဲ့ကြောင်းသုံးသပ်တွေ့ရှိရပါကြောင်း။

ဒုတိယငါးနှစ် စီမံကိန်းအောင်မြင်ရေးကိုလည်း မူလလုပ်ငန်းတာဝန်ကြီးများဖြစ်သော ထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ ပြည်သူလူထု ပူးပေါင်းပါဝင်ရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေး စသည့်လုပ်ငန်းစဉ်များကို (၁၅)နှစ်စီမံကိန်း ရည်မှန်းချက်များအတိုင်း အောင်မြင်အောင် အစွမ်းကုန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြသွားသည်။

ယင်းနောက် မူးယစ်ဗဟို အဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က စိတ်ကြွ ရူးသွပ်ဆေးပြားများနှင့် ၎င်းတို့ထုတ်လုပ်ရာတွင် သုံးစွဲသည့် ဓာတုဆေးဝါး တားဆီးနှိမ်နင်းရေးနှင့်စပ်လျဉ်း၍ ကျင်းပပြုလုပ်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲများနှင့်ပတ်သက်၍လည်းကောင်း၊ နယ်စပ်ဒေသများသို့ မြန်မာနိုင်ငံဆိုင်ရာ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသွားရောက်လေ့လာခဲ့ကြသည့်အခြေအနေနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာနိုင်ငံမူးယစ်ဗဟို၏ ဆောင်ရွက်ချက်များကို အပြည်ပြည်ဆိုင်ရာက အသိအမှတ်ပြုလာသည့်အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မူးယစ်ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မူးယစ်ဗဟိုစီမံကိန်းများအား နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီရန်ပုံငွေမှ တိုက်ရိုက်ထောက်ပံ့ပေးမှုအခြေအနေ၊ နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်၊ ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ကိန်းဂဏန်းများဖြင့် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မူးယစ်ဗဟိုအဖွဲ့ဝင်များဖြစ်ကြသော အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးတင်ဝင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ပြည့်စုံတို့က မြန်မာနိုင်ငံ၏မူးယစ်ဆေးဝါးတိုက်ဖျက်မှုအောင်မြင်လာသည့် အလျောက် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ်ပုတ်ခတ်စွပ်စွဲမှုများလျော့နည်းလာခြင်းကိစ္စ၊ မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သို့ သွားရောက်၍ ဘိန်းစိုက်ပျိုးမှုနှင့် စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရောင်းဝယ်မှုတားဆီးရေးအတွက်ဆောင်ရွက်ခဲ့သည့် ကိစ္စ၊ ပန်းတိုင်သစ်စီမံကိန်းအောင်မြင်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးခဲ့သည့် ကိစ္စတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့အတွင်းရေးမှူး ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီက မူးယစ်ဗဟိုအဖွဲ့ အထူးအစည်းအဝေး (၂/၂၀၀၃) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက် ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ခင်မောင်က မူးယစ်ဆေးဝါးပပျောက်ရေး အစားထိုးနှစ်ရှည်၊ နှစ်ချင်း သီးနှံ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကိုလည်းကောင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးထိန်းချုပ်ရေး ဘုတ်အဖွဲ့(INCB) ၂၀၀၃ ခုနှစ် အစီရင်ခံစာအရ မြန်မာနိုင်ငံ၌ ဘိန်းစိုက်ပျိုးမှု သိသိသာသာကျဆင်းသွားမှု အစီရင်ခံစာ ဖော်ပြချက်ကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦးက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မှုကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်းက ဆရာ ဆရာမ၊ ကျောင်းသားကျောင်းသူ လူငယ်များအား အသိပညာပေးရေး လုပ်ငန်းကိုလည်းကောင်း၊ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် အောင်သိန်းက ပြည်သူများအား ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာနေဝင်းက မြန်မာနိုင်ငံ၌ အာဆီယံနိုင်ငံများမှ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(IFNGO)အစည်းအဝေးကျင်းပရေးနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အောင်မြင်မှုရရှိ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် ပဉ္စမစီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေသလို ပန်းတိုင်သစ်စီမံကိန်းလုပ်ငန်းများ၏ ပံ့ပိုးထောက်ကူမှုကြောင့် လုပ်ငန်းများ ပိုမိုအောင်မြင်မှုရရှိလာသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် ၂၀၁၄ခုနှစ်တွင် နိုင်ငံတော်အတွင်း မူးယစ်ဆေးဝါးလုံးဝချုပ်ငြိမ်းပပျောက်စေရအောင် ရည်မှန်းဆောင်ရွက်လျက်ရှိရာတွင် ယခုတိုးတက်ဖြစ်ထွန်းနေသည့် အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားမည်ဆိုပါက ရည်မှန်းချက်အောင်မြင်ပြည့်မြောက်မည်မှာ မလွဲဧကန်ပင်ဖြစ်ကြောင်း၊

နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်ဖြစ်ထွန်းနေသလို မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များကို နယ်စပ်ဒေသများသို့ ပို့ဆောင်လျက် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ၊ ဒေသခံတိုင်းရင်းသားများ၏ ပူးပေါင်းဆောင်ရွက်မှုများကို မျက်မြင်တွေ့ရှိစေခြင်းအားဖြင့် အခြေအနေမှန်များကို သိရှိနားလည်သဘောပေါက်ကာ မိမိတို့၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ၏ မှန်ကန်မှု၊ အောင်မြင်ဖြစ်ထွန်းမှုများအပေါ် နိုင်ငံတကာက ပိုမိုယုံကြည်လက်ခံလာခဲ့သည်ကို တွေ့ရကြောင်း။

အသိအမှတ်ပြု

သို့ဖြစ်၍လည်း အမေရိကန်ပြည်ထောင်စု အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုလာရသည့် အခြေအနေဖြစ်လာခဲ့ကြောင်း။

ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်နေသည့် 'ဝ'ဒေသ မိုင်းပေါက်၊ ဟိုတောင်း ဒေသဖွံ့ဖြိုးရေး ဘက်စုံစီမံကိန်းများ၊ မိုင်းကာဒေသ ရေရရှိရေး၊ စိုက်ပျိုးရေးစီမံကိန်းများ၊ ထိုင်းနိုင်ငံက ပူးပေါင်းဆောင်ရွက်နေသည့် ယောင်ခဒေသ၊ မိုင်းကာဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ အောင်မြင်ဖြစ်ထွန်းနေသည့်အခြေအနေတွင် ပိုမိုတိုးတက်ဖြစ်ထွန်းစေရအောင် နိုင်ငံတော်အစိုးရဌာနများက လိုအပ်သည်များပံ့ပိုးဆောင်ရွက်ကြရန်လိုကြောင်း။

အထူးသဖြင့်ဂျပန်နိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်နေသည့် ကုန်းကြမ်းနှင့် တာရှေ့ထန်ဒေသ ပန်းဂျုံစိုက်ပျိုးရေးစီမံကိန်းများ အောင်မြင် ဖြစ်ထွန်းနေမှုကို အရှိန်အဟုန်ဖြင့် ဆက်လက်မြှင့်တင် ဆောင်ရွက်သွားရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြရန်မှာကြားလိုကြောင်း။

တာချီလိတ်၊ မြဝတီ၊ကော့သောင်း မူးယစ် ကင်းမဲ့ဇုန်များ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရေးအတွက်လည်း လက်ရှိ အောင်မြင်တိုးတက်မှုများကို ဆက်လက် ထိန်းသိမ်းမြှင့်တင်ပေးသွားရန် တွန်းအားပေး ဆောင်ရွက်ကြရန်လိုကြောင်း။

တရုတ်နိုင်ငံနှင့် လည်းကောင်း၊ ထိုင်းနိုင်ငံနှင့်လည်းကောင်းပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ထွန်းနေချိန်တွင် လာအိုနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအားလုံးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန်မှာကြားလိုကြောင်း။

ကျေးလက်အခြေပြုမူးယစ်ဆေးစွဲကုသရေးအဖွဲ့ငယ်များ ဖွဲ့စည်းဆောင်ရွက်မှုများမှာ လွန်စွာကောင်းမွန်သဖြင့် အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း။

မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (MANA)၏ လုပ်ငန်းလုပ်ရှားဆောင်ရွက်မှုများ တဖြည်းဖြည်းနှင့် အရှိန်အဟုန်ရရှိလာပြီဖြစ်ရာ လုပ်ငန်းများပိုမိုသွက်လက် ထက်မြက်အောင်မြင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ကူညီပံ့ပိုးပေးသွားရန် လိုကြောင်း။

ဒုတိယဝန်ကြီးလေးဦးဖြင့်ဖွဲ့စည်းဆောင်ရွက်နေသည့် ပန်းတိုင်သစ်စီမံကိန်းအထောက်အကူပြုလုပ်ငန်းများမှာလည်း ဒေသခံပြည်သူများ၊ ဘိန်းမစိုက်တော့သည့် တောင်သူများအတွက် များစွာအကျိုးရှိထိရောက်သဖြင့် အရှိန်အဟုန်လျော့ပါးမသွားစေရအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားလိုကြောင်း။

UNDOC အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အရှိန်အဟုန်မပျက် ဆက်လက်တွန်းအားပေး ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ဘိန်းအစားထိုး သီးနှံများတွင် သမားရိုးကျ သီးနှံများအပြင် မက္ကဒေးမီးယား ကဲ့သို့သော ဝင်ငွေကောင်းသည့် သီးနှံများကို တိုးချဲ့စိုက်ပျိုးကြရမှာဖြစ်ကြောင်း။

အကျိုးရှိထိရောက်

မူးယစ်ဆေးစွဲလူငယ်များပြုပြင်ထိန်းသိမ်းပြုစုပျိုးထောင်ရေးစခန်းများဖြစ်သည့် ပဲခူးတိုင်းရှိ ရွှေပြည်သာစခန်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ရွှေပြည်အေးစခန်းတို့၏ လူငယ်များ စိတ်ပိုင်းဆိုင်ရာ ပြုပြင် မြှင့်တင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းအတတ်ပညာများ လေ့ကျင့်ပျိုးထောင်ပေးခြင်းလုပ်ငန်းများမှာ များစွာအကျိုးရှိ ထိရောက်သည်ကို တွေ့ရကြောင်း။

ယင်းစခန်းများမှ လေ့ကျင့်ပျိုးထောင်ပေးလိုက်သော လူငယ်များကို မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(MANA)က ဆက်လက်စည်းရုံးဦးဆောင်ပြီး လူငယ့်အားမာန်အဖွဲ့အဖြစ် ဖွဲ့စည်းကာ လူငယ်များအတွင်း မူးယစ်ဆေးဝါး ကင်းရှင်းအောင် လူငယ်အချင်းချင်း ပညာပေးစည်းရုံးမှုလုပ်ငန်းများဆောင်ရွက်နေမှုမှာလည်း များစွာ အောင်မြင်ထိရောက်သည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ ယင်းအောင်မြင် ဖြစ်ထွန်းမှုများကို အခြေခံ၍ ယခုအခါတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ရွှေပြည်သစ်စခန်းကို ဖွင့်လှစ်ပြီး မူးယစ်ဆေးစွဲလူငယ်များ ပြုပြင်ပျိုးထောင်မှုလုပ်ငန်းများ ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိနေပြီဖြစ်ကြောင်း။

အောင်မြင်ဖြစ်ထွန်း

ယခုအရှိန်အဟုန်အတိုင်းဘိန်းစိုက်ပျိုးထုတ်လုပ်မှု တားဆီးကာကွယ်ရေး၊ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရောင်းဝယ်မှု တားဆီးနှိမ်နင်းရေးနှင့် မူးယစ်ဆေးစွဲလူငယ်များ ပြုပြင်ပညာပေးပြုစုပျိုးထောင်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီ အရှိန်အဟုန်မပျက် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံတော်က မျှော်မှန်းသည့် မူးယစ်ဆေးဝါးပပျောက်ရေး ရည်မှန်းချက် မလွဲမသွေ အောင်မြင်ဖြစ်ထွန်းလာမှာသေချာကြောင်း။

'ဝ'ဒေသနှင့် ကိုးကန့်ဒေသ တိုင်းရင်းသားခေါင်းဆောင်များ မျှော်မှန်းဆောင်ရွက်နေသည့် ၂၀၀၅ ခုနှစ်တွင် မူးယစ်ဆေးဝါး ချုပ်ငြိမ်းပပျောက်ရေး ရည်မှန်းချက် ပြည့်ပြည့်ဝဝ အောင်မြင်စေရေးအတွက် နိုင်ငံတော်အစိုးရဌာနများက ပံ့ပိုးကူညီ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

မြန်မာနိုင်ငံအပေါ်မူးယစ်ဆေးဝါးလုပ်ငန်းနှင့်ဆက်နွှယ်လျက်ငွေမည်းမှငွေဖြူ ခဝါချမှုများ လုပ်ဆောင်နေသည်ဆိုသည့် စွပ်စွဲပြောဆိုချက်များ ရှိခဲ့ကြောင်း၊ ယခုအခါ ယင်းကိစ္စနှင့် ပတ်သက်၍ လိုအပ်သည့် ဥပဒေပြဋ္ဌာန်းပေးခြင်း အပါအဝင် ဆောင်ရွက်ဖွယ်လုပ်ငန်း အဝဝကို ချမှတ်ဆောင်ရွက်လျက်ရှိခြင်းဖြင့် လုပ်ကြံ စွပ်စွဲမှုများကို ချေဖျက်နိုင်လျက်ရှိနေပြီဖြစ်ကြောင်း။

ရည်မှန်းချက်အောင်မြင်

မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများနှင့်ယှဉ်တွဲလျက်နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘဝ တိုးတက်မြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရင်း နိုင်ငံတော်၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များ ပြည့်ပြည့်ဝဝ အောင်မြင်ဖြစ်ထွန်းစေရအောင် တာဝန်ရှိသူအားလုံးက တက်ညီလက်ညီ အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင်နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မူးယစ်ဆေးဝါး ပပျောက်ရေးအထိမ်းအမှတ်ပြတိုက်သို့ သွားရောက်၍ မြန်မာနိုင်ငံသို့ ဘိန်းစတင် ဝင်ရောက်မှု၊ မြန်မာဘုရင်များလက်ထက် မူးယစ်ဆေးဝါးထိန်းချုပ်မှု၊ မူးယစ်ဆေးသုံးလူညွှန့်တုံး၊ လွတ်လပ်ရေးရပြီးနောက် မူးယစ်ဆေးဝါး ပပျောက်ရေးကြိုးပမ်းမှုပြကွက်များနှင့် သမိုင်းဝင် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

အလိုတော်ပြည့်ဆရာတော်ကြီး ဂုဏဝိသိဋ္ဌပူဇော်ပွဲ

ရန်ကုန် မေ ၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ခံယူတော်မူသော အလိုတော်ပြည့်ဆရာတော်ကြီး ဘဒ္ဒန္တ အရိယဝံသအား ဂုဏဝိသိဋ္ဌပူဇော်ပွဲ၊ (၁၄)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မောင်တောမြို့နယ်အသင်း (ရန်ကုန်)က ကြီးမှူး၍ မေ ၉ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေလေးရပ်ကွက် အောင်မြေဗောဓိမ္မရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

အသက်(၈၀)နှင့်အထက်ပြည့်ပြီးသူအသင်းဝင်များ၊ ၂၀၀၂-၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ပြီးသူအသင်းဝင် သားသမီးများ၏ အမည်စာရင်းကို ဥက္ကဋ္ဌဦးကံသိန်းမောင် ဖုန်း-၅၄၂၅၆၈၊ ဒုတိယဥက္ကဋ္ဌ ဦးခင်လှ ဖုန်း-၂၉၃၃၅၂ နှင့် ဘဏ္ဍာရေးမှူး ဒေါ်ခင်စောဝေ ဖုန်း-၂၈၉၇၄၅တို့သို့ ပေးပို့ဆက်သွယ်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

ကိုးနဝင်းဆည်ဦးစေတီ ဗုဒ္ဓပူဇနီယပွဲကျင်းပမည်

ရန်ကုန် မေ ၂

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ကလီထော်ရေလှောင်တမံအနီး ရသေ့တောင်ပေါ်တွင် မြန်မာနိုင်ငံ ပြက္ခဒိန်အခါတော်ပေးဆရာကြီး ဦးကျော်အား အမှူးထား၍ ဘုရားဒါယကာ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ၊တောင်တွင်းကြီး)၊ဘုရားဒါယိကာမ ဒေါ်နော်ဂေးလီမိသားစု တည်ထားကိုးကွယ်သော ဆုတောင်းပြည့် မဟာဇေယျဓမ္မသိဒ္ဓိ ကိုးနဝင်းဆည်ဦးစေတီ (ရန်အောင်မာန်အောင်ဘုရား) ဆဋ္ဌမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကို မေ ၃ ရက်(ကဆုန်လပြည့်နေ့) နံနက်တွင် ကျင်းပမည်ဖြစ်ရာ အနေကဇာတင်ပွဲ၊ ပဋ္ဌာန်းသိမ်းအောင်ပွဲ၊ ဗောဓိပင်ညောင်ရေသွန်းပွဲ၊ သံဃာတော်များအား ဆွမ်းဆက်ကပ်ပွဲ ကျင်းပမည်ဖြစ်ပြီး ဧည့်ပရိသတ်များအား သက်သတ်လွတ်ထမင်းဟင်းနှင့် ဧည့်ခံကျွေးမွေးမည်ဟုသိရသည်။

(က-ပ)

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၄၈) ဖြန့်ချိ

ရန်ကုန် မေ ၂

နိုင်ငံတကာသတင်းဂျာနယ်အမှတ်(၄၄၈)ကို ယနေ့ (တနင်္လာနေ့)မှစ၍ ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(အပေါ်ပုံ)**

မီဒီယာခေတ်မကျန်ရစ်ဖို့ဟူသော ဂျာနယ် ဦးတည်ချက်ဆောင်ပုဒ်ဖြင့် ရေးသားထုတ်ဝေလျက်ရှိသော နိုင်ငံတကာသတင်းဂျာနယ်၏ ယခုရက်သတ္တပတ်ထုတ်တွင် အမေရိကန်တပ်ဖွဲ့ ဖော်လူဂျာမှ ရုပ်သိမ်း၊ တရုတ်နှင့်ဥရောပလမ်းကြောင်းသစ်၊ ကီရီဘာတီနိုင်ငံအကြောင်း သိကောင်းစရာ၊ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ၊ လစ်ဗျားခေါင်းဆောင်၏ ဥရောပခရီးစဉ်၊ ဆိုယုဒ်အာကာသယာဉ် ပြန်လည်ရောက်ရှိ၊ တန်ဇန်းနီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေမည့်သဘာဝဓာတ်ငွေ့၊ တရုတ်နှင့်အိန္ဒိယဆက်ဆံရေး၊တောင်အာဖရိကသမ္မတ၏ ဒုတိယမြောက်သမ္မတသက်တမ်း၊ ဖော်လူဂျာတိုက်ပွဲ၊ နိုင်ငံတကာဟာသ၊ အီရတ်လုံခြုံရေး၊ ယုံချင်ယုံမယုံချင်နေ၊ ယိမ်းယိုင်နေသော အမေရိကန် စီးပွားရေး၊ နှိပ်စက်ကလူပြုခံရသော အီရတ်သုံ့ပန်းများ၊ ခေတ်သစ်ပိုး လမ်းမ စသည့် သတင်းများနှင့် ဆောင်းပါးများ ဝေဝေဆာဆာဖော်ပြထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြဝတီရုပ်မြင်သံကြား

၃-၅-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၆။ အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၀ ၇။ မျိုးချစ်တပ်မတော်
၄း၅၀ ၈။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Application of Demand and Supply (စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
၅း၂၀ ၁၀။ မြဝတီရုပ်မြင်သံကြား မင်္ဂလာကဏ္ဍ
၅း၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း
၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ မြန်မာ့ရှုခင်း
၆း၃၅ ၁၆။ လျှပ်တစ်ပြက်
၆း၄၅ ၁၇။ မေးမြန်းစူးစမ်း
၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဝင်းပပလှသူလေးရယ်"** (အပိုင်း-၅)
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင်" **မိခင်သစ္စာ** (အပိုင်း-၃)

ရန်ကုန်မြို့၊ ဗဟန်း၊ နန္ဒဝန်လမ်း၊
မဟာဝိသုဒ္ဓါရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်
ပဓာနနာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
အဂ္ဂမဟာပဏ္ဍိတ အရှင်သီရိန္ဒာဘိဝံသ(ယော)ဆရာတော်
ရေးသားပြုစုအပ်သော

ဓမ္မာစရိယလမ်းပြကျမ်း အမှတ်(၁)

ထွက်ပါပြီ

ဖုန်း - ၅၄၉၄၅၄၊ ၅၅၇၉၅၈

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဗိုလ်မှူးလှမြင့်(ငြိမ်း) ဌာနမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(ငြိမ်း)-ဒေါ်စိန်စိန်ဟန်တို့၏
သားထွေး

မောင်ဉာဏ်သာ B.E(Civil)

ဌာနစုမှူး(အင်ဂျင်နီယာ)၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
နှင့်
ရန်ကုန်မြို့နေ
ဦးထွေးမြင့် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း(ငြိမ်း)
(Ex.Technical Advisor, Nakamura Shinko Mokuzai, Co.,Ltd., Tokyo, Japan)-
ဒေါ်မြင့်မြင့်ရွှေ အထပြ(ငြိမ်း)၊ အထက(၂)ကမာရွတ်တို့၏
တစ်ဦးတည်းသောသမီး

ဒေါက်တာခင်သီဂီမြင့် M.B.,B.S(Ygn)

တိုက်နယ်ဆရာဝန်(တော်လတီတိုက်နယ်ဆေးရုံ) တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်း တို့၏ ၂၂-၄-၂၀၀၄ရက်တွင် ထိမ်းမြားမင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားသူကြီးချုပ်ဦးအောင်တိုးအားလည်းကောင်း၊ ၂-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့)Sedona Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးနှင့် ဇနီးဒေါ်နီနီဝင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီးဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ကြွရောက်ချီးမြှင့်ကြသော အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယမြို့တော်ဝန်နှင့်ဇနီး၊ စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ ဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင် ဒေါ်တင်တင်မြနှင့် အေဝမ်းဦးစိုးမြင့်တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော မယဉ်မင်းသူ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းများ ကိုင်ဆောင်ပေးသော မကေဇင်ထွဋ်၊ သတို့သားအရန် ဗိုလ်ကြီးရဲထွန်းရှိန်နှင့် ဗိုလ်ကြီးဘုန်းမြတ်သူ၊ သတို့သမီးအရန် Dr. ခင်ဝင်းမော်နှင့် Dr. မြတ်သူသူဝင်း၊ မိတ်ကပ်ဆံပင် အောင်အောင်၊ သတို့သမီးဝတ်စုံ မမဥ္ဇူ၊ ပန်းအလှပြင်လင်းလင်း၊ စိန်ရတနာဆင်ယင်ပေးသော ကိုတင်အုန်း-မမိမိခင်၊ ဓာတ်ပုံဗီဒီယို စိုင်းဘုန်းထူးနှင့်အဖွဲ့၊ မင်္ဂလာပွဲဖြစ်မြောက်အောင်မြင်ရန် ကူညီဆောင်ရွက်ပေးသော သူငယ်ချင်း၊ မိတ်ဆွေသင်္ဂဟအပေါင်းနှင့် Sedona Hotelမှ မန်နေဂျာနှင့် ဝန်ထမ်းများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဉာဏ်သာ-ဒေါက်တာခင်သီဂီမြင့်။

မြသီတာသက်န်း တိုက်ပိုင်ရှင် ဦးခင်မောင်ဝင်း-ဒေါ်သီတာထွန်း မိသားစုတို့က မေ ၃ ရက်တွင် (၁/၁၀- ၁၁) သစ္စာလမ်း ရန်ကင်းမြို့နယ်၌ မြသီတာသင်္ကန်းတိုက်ဖွင့်ပွဲအထိမ်း အမှတ်အဖြစ် မြန်မာ့အလင်း သတင်းစာတိုက် သာသနဝိပ္ပာရီ ဗုဒ္ဓဘာသာအသင်းက ကြီးမှူးကျင်းပမည့် (၂၆)ကြိမ်မြောက် ဒုလ္လဘရဟန်းခံ အလှူတော်မင်္ဂလာအတွက် မြသီတာနှစ်ထပ်သင်္ကန်း ၁၁ စုံ ပေးအပ်လှူဒါန်းရာ စာတည်းမှူးချုပ်ကိုယ်စား အသင်းအတွင်းရေးမှူး စာတည်း ဦးညွန့်အောင်က လက်ခံရယူစဉ်။

(မြန်မာ့အလင်း)

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်နေ
(ဦးလှအောင်)-ဒေါ်ဝင်းမေတို့၏သားငယ်

ဗိုလ်ကြီးထွန်းထွန်း B.A(History)

(အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်)
နှင့်
ရန်ကုန်မြို့၊ တောင်ဥက္ကလာပနေ
ဒုတိယဗိုလ်မှူးကြီးကျော်တင်(ငြိမ်း)-ဒေါ်ခင်မာစမ်း
တို့၏တစ်ဦးတည်းသောသမီး

မသူဇာကျော်တင် B.A(Business Management)
SILTA LUMBINI SCHOOL

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ ၂၉-၄-၂၀၀၄ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုး၍ ၂-၅-၂၀၀၄ ရက်၌ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးခန်းမ၌ မြန်မာဗုဒ္ဓဘာသာ ဓလေ့ထုံးစံနှင့်အညီ စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးထွန်းထွန်း-မသူဇာကျော်တင်။

ဝံသာနုသတင်းလွှာ အတွဲ(၁၃)၊ အမှတ်(၉)ဖြန့်ချိ

ရန်ကုန် မေ ၂

ဗုဒ္ဓသာသနာ၏ အထွတ်အမြတ်ကဆုန်လပြည့်နေ့ ညောင်ရေသွန်းပွဲတော်တွင် ကြည်ညိုသဒ္ဓါတရားပွားများစွာဖြင့် ညောင်ရေသွန်းလောင်းကြသော ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးလေးများ၏ယဉ်ကျေးမှုအလှပုံရိပ်မျက်နှာဖုံးများဖြင့် ဝံသာနုသတင်းလွှာ အတွဲ (၁၃)၊ အမှတ်(၉)ကို ထုတ်ဝေထားသည်။ **(အောက်ယာပုံ)**

ဝံသာနုသတင်းလွှာတွင် ရှေးဦးတောနွားမျိုးရင်း ကျောက်ဖြစ် ကြွင်း၊ အန်းကုန်းရွှေရုပ်တုရောင်းချသူ တရုတ်နိုင်ငံသား သုံးဦး၊ နိုင်ငံခြားရောက်မည့် လိပ်များ လှိုင်မြို့နယ်မှာ အချိန်မီ တားဆီး၊ ပန်းဘဲတန်း မြို့နယ်က ကာစီနိုလောင်းကစားဝိုင်း၊ အကောက်ခွန်မဲ့ ဟင်းချိုထုပ်မှုန့်များ၊ မျှောစာအတု ပြေစာအတုများဖြင့် သယ်လာတဲ့ သစ်မှောင်ခို၊ ကိုရီးယားမှာ အလုပ်ရမယ်ဆိုပြီး၊ ကျောက်ချရပ်နားထားသော ရေယာဉ်များသတိပြု၊ ငါးပူတင်းသားစားမိသော ကလေးငယ်များ၊ နစ်မြုပ်သွားသော ကုန်တင် လှေအားဆယ်ယူ၊ မြန်မာတွေ စည်းကမ်းရှိဖို့ အချိန်တန်ပါပြီ(၂)နှင့်အတူ ဘုရှ်အသစ်ဖွဲ့စည်းလိုက်သော ထောက်လှမ်းရေးကော်မရှင်၊ အီရတ်အရေးတွင် အကျပ်အတည်းတွေ့သော အမေရိကန်တပ်ဖွဲ့ဝင်များ၊ တောင်အာဖရိကနိုင်ငံမှ မတည်ငြိမ်သော အခြေအနေနှင့် ရွေးကောက်ပွဲ၊ ထိုင်းတို့၏ယဉ်ကျေးမှုထဲသို့ အတင့်ရဲစွာ ထိုးဖောက်လာသော အနောက်ဓလေ့စရိုက်များ၊ ထိုင်းသင်္ကြန်မှာလည်း သရုပ်ပျက်မှု အရေးယူ၊ ဗန်ကောက်မှ ကြေးကြီးလောင်းကစားဝိုင်း ထိုင်းရဲများဝင်ရောက်ဖမ်းဆီး၊ ဩစတြေးလျနိုင်ငံမှ အချမ်းသာဆုံးမင်းသမီး စသည်တို့ဖြင့် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးမျက်နှာစာအသီးသီးတို့မှသတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေအမှတ်(၄၁) ၂၉လမ်း ရန်ကုန်မြို့မှဖြန့်ချိသည်။ **(က-ပ)**



မြန်မာ့ထုတ်ကုန်ပစ္စည်းပြပွဲ ၂၀၀၄ လားရှိုးနန်းဟောဝန်ဥယျာဉ်၌ ကျင်းပမည်

ရန်ကုန် မေ ၂

အရည်အသွေးကောင်းမွန်စွာ စနစ်တကျ ထုတ်လုပ်ထားသော ထုတ်ကုန်ပစ္စည်းများ၊ ပြည်ပသွင်းကုန် အစားထိုးကုန်ပစ္စည်းများ၊ ကုန်ပစ္စည်းအမယ်သစ်(အမည်သစ်)များ အများပြည်သူအတွင်း ကျယ်ပြန့်စွာ တိုက်ရိုက်ထိတွေ့လေ့လာနိုင်စေရန်နှင့် ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်လာရေးအတွက် အထောက်အကူပြုဖြစ်စေရန် ရည်ရွယ်ကာ မြန်မာ့ထုတ်ကုန်ပစ္စည်းပြပွဲ ၂၀၀၄ (Myanmar May Products Expo' 2004) ကို မေ ၁၅ရက်မှ ၁၉ရက်အထိ လားရှိုးမြို့ နန်းဟောဝန် ဥယျာဉ်၌ Dragon Exhibitions Limited က စည်ကားစွာကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် ပြည်တွင်းပြည်ပမှအလှကုန်နှင့် လူသုံးကုန်ပစ္စည်း၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်း၊ ပလတ်စတစ်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်း၊ အိမ်သုံးကုန်ပစ္စည်း၊ စက္ကူစာရေးကိရိယာနှင့် ထုပ်ပိုးပစ္စည်း၊ အသေးစားစက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်း၊ တိုင်းရင်းဆေးနှင့် ဆေးဝါးပစ္စည်း အမျိုးမျိုးတို့ကို ပြခန်းအလှဆုံးပြင်ဆင်မှု ရွေးချယ်ခြင်းနှင့် Star Entertainment ၏ ကုန်ပစ္စည်း အရောင်းမြှင့်တင်ရေး ကြော်ငြာသရုပ်ပြပွဲ၊ ဖျော်ဖြေရေး အစီအစဉ်များဖြင့်ကျင်းပမည်ဖြစ်ရာ ဖုန်း-၅၇၃၁၄၈သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Department of Export Promotion Ministry of Commerce မှ ကြီးမှူးကျင်းပသော

Thailand Exhibition '2004

ထိုင်းကုန်စည်ပြပွဲကြီး

05-08 MAY 2004
Yangon Trade Center
Upper Pazundaung Road
10:00 am to 06:00 pm daily

THAILAND

05-06 May 04 : Trade days (with entrance ticket)
07-08 May 04 : Public days

TTF(Yangon)Co.,Ltd

email: ttf@mptmail.net.mm

ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး ပြည်နယ်ဥက္ကဋ္ဌကြည့်ရှုစစ်ဆေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် မှာကြား

ရန်ကုန် မေ ၂

ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ၂၂ရက် နံနက်ပိုင်းက ဘားအံမြို့ အစိုးရနည်းပညာကောလိပ်နှင့် ကွန်ပျူတာကောလိပ်သို့ သွားရောက်၍ ပင်မဆောင်များနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်နယ်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဧပြီ ၂၃ရက် နံနက် ၉နာရီတွင် ပြည်နယ်ဥက္ကဋ္ဌသည် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ကျင်းပသည့် ချစ်စရာ့အတာသင်္ကြန်နှင့် ချစ်စရာ့အရွယ်ကစားကြမယ်ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့ကြသည့် ဘားအံ မူလတန်းကြိုကျောင်းမှ ကလေးငယ်များအားဂုဏ်ပြုပွဲသို့ တက်ရောက်၍ ဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်သည်။

တိုးချဲ့စိုက်ပျိုး

ဆက်လက်၍ ပြည်နယ်ဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ထုံးအိုင်ကျေးရွာ မြစ်ရေတင်နွေစပါးစိုက်ခင်းနှင့်မိုးစပါး၊ ပြောင်းနှင့်နွေနှမ်းသုံးသီးစားစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ယာယီရှင်းလင်းဆောင်၌ နွေစပါးဧက ၅၀၀ တိုးချဲ့စိုက်ပျိုးနိုင်ရေး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင်ဗိုလ်မှူးကြီးခင်ကြူးသည် မကျည်းကျွန်းကျေးရွာအခြေခံပညာအထက်တန်းကျောင်းခန်းမ၌ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဧပြီ ၂၄ရက် နံနက်ပိုင်းတွင် ပြည်နယ်ဥက္ကဋ္ဌသည် ဘားအံမြို့ တရုတ်လှကျေးရွာ၌ ကျင်းပသည့် သုခရင်မျိုးသန့်စပါးမျိုးကွဲ နုတ်ခြင်းသရုပ်ပြပွဲနှင့် နွေစပါးစုပေါင်းရိတ်သိမ်းပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

တက်ရောက်ကြည်ညို

ပြည်နယ်ဥက္ကဋ္ဌဗိုလ်မှူးကြီးခင်ကြူးသည် ဧပြီ ၂၅ရက် နံနက်ပိုင်းတွင် လှိုင်ဘွဲ့မြို့နယ် အထက်ရေပူကျေးရွာအုပ်စု တော့တာဟိုးကျေးရွာသို့ သွားရောက်၍ ရွာဦးဘုန်းတော်ကြီးကျောင်းယာယီမဏ္ဍပ်၌ ပြည်နယ်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဖွဲ့ကပင်ဆရာတော် ဗဟုဇနဟိတရေ ဘဒ္ဒန္တကဝိဇေ၊ တောင်ကလေး ဆရာတော်ဘဒ္ဒန္တပညာသာမိ၊ ရွှေဘိုကျောင်းဆရာတော်ဘဒ္ဒန္တကောဏ္ဍညတို့အား ဖူးမြော်ကြည်ညိုပြီး ကျောင်းဝင်းအတွင်း တည်ထားကိုးကွယ်မည့် မွေ့သန္တိစေတီတော် ထီးတော်တင်လှူ ပူဇော်ပွဲသို့ တက်ရောက်ကြည်ညိုသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဥက္ကဋ္ဌသည် ဘားအံမြို့ မွေးမြူရေးဇုန်သို့ ရောက်ရှိ၍ ဒေသခံမွေးမြူရေး လုပ်ငန်းရှင်များ၏ မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးလုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့်ပြည်နယ်ဥက္ကဋ္ဌသည် မဲဘောင်-နောင်လုံဒေသ လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းနှင့် ဖအွဲ့တူးမြောင်း ဖောက်လုပ်နေမှု အခြေအနေကိုလည်းကောင်း၊ ကျေးရွာအခြေခံပညာမူလတန်းကျောင်းနှင့် ကျေးရွာအတွင်း သန့်ရှင်းသပ်ရပ်မှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဧပြီ ၂၇ရက် နံနက်ပိုင်းတွင် ပြည်နယ်ဥက္ကဋ္ဌသည် ပြည်နယ်အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ် ဥက္ကဋ္ဌများနှင့် စိုက်ပျိုးရေး ကြီးကြပ်မှုအဖွဲ့ဝင်များအား တွေ့ဆုံကာ ၂၀၀၄-၂၀၀၅ခုနှစ်အတွင်း ကရင်ပြည်နယ်၌ မိုးစပါးဧကငါးသိန်း စိုက်ပျိုးရေး ညှိနှိုင်းဆွေးနွေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

မော်လမြိုင် အလက(၃) ပထမအကြိမ် မြတ်ဆရာပူဇော်

မော်လမြိုင် ဧပြီ ၁၀

မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုနှင့် ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲကို ဧပြီ ၃ ရက်က အလက(၃) ကျောင်းအစည်းအဝေးခန်းမဆောင်တွင် ကျင်းပသည်။ **(အပေါ်ပုံ)** ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ထွေးနှင့် မြို့နယ်ပညာရေးမှူး ဦးတင်ညွှန့်၊ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်း၊ ဦးအေးဝင်းတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ အပူဇော်ခံ ဆရာ ဆရာမ ၈၆ ဦးတို့အား ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်း၊ ဦးအေးဝင်း၊ အတွင်းရေးမှူး ဒေါက်တာလှဦးနှင့် ကျောင်းသား ကျောင်းသူဟောင်းတို့က ပစ္စည်းနှင့် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းသည်။ ယင်းနောက် အပူဇော်ခံ ဆရာ ဆရာမများကိုယ်စား ဆရာတစ်ဦးနှင့် ဆရာမတစ်ဦးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (၁၆၈)

သီပေါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ရက် နံနက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး၌ ကျင်းပရာ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းစိန်လင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၃၀၆)

အမြို့မြို့ အနယ်နယ် သတင်းများ

ကျေးလက်စာကြည့်တိုက်များဖွင့်

မင်းဘူး ဧပြီ ၂၄

မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏စီစဉ်မှုဖြင့် မင်းဘူး(စကု)မြို့နယ် ကျောက်စစ်ပုံစံပြကျေးရွာ၊ကောင်မန်းစံပြကျေးရွာ၊ ကိုင်းတောကြီးကျေးရွာ၊ ကန်ရေကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ဧပြီ ၇ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးသန်းထွန်းနှင့် ကျေးရွာဥက္ကဋ္ဌများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာများသို့စာအုပ်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဒုတိယဦးစီးမှူး ဦးသိန်းထွန်းအောင်က စာကြည့်တိုက်များ ဖွင့်လှစ်ပေးသည့် ရည်ရွယ်ချက်နှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးကိုလည်းကောင်း၊ မင်းဘူးမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးတင့်ဆွေက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးသတ်ဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း ဟောပြောကြသည်။ (၄၀၇)

ကောလင်းစာပေနှင့်စာနယ်ဇင်း နှစ်ပတ်လည်စည်းဝေး

ကောလင်း ဧပြီ ၂၈

ကောလင်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးကို မတ်၂၉ ရက်က မြို့နယ် အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဖတ်ကြားတင်သွင်း

အစည်းအဝေးတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်းက အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမြင့်အောင်က တစ်နှစ်တာ ဆောင်ရွက်မှုများကို တင်ပြရာ ဘဏ္ဍာရေးမှူး ဦးထင်ကျော်က ဘဏ္ဍာရေး အခြေအနေများကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက် အလုပ်အမှုဆောင် ဒေါ်တင့်က ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးသည်။ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုဦးစီး အစည်းအဝေး တက်ရောက်ရန် ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)အား ရွေးချယ်ကြသည်။ **(၀၂၆)**

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညီညီတင်၏ အနီးကပ် ကြီးကြပ်မှုဖြင့်သန့်ရှင်းရေးဌာနစိတ်မှ ဒုတိယဦးစီးမှူး(သန့်ရှင်းရေး) ဦးအောင်စိုးနှင့် သန့်ရှင်းရေးဝန်ထမ်းများ မတ် ၂၉ရက်က မန္တလေးလမ်းပေါ်ရှိ လမ်းလယ်ကျွန်းများ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ကြစဉ်။ (၄၁၄)

တီဘီရောဂါကာကွယ်နှိမ်နင်းရေး

(က) ရောဂါဖြစ်ပွားကူးစက်ပုံ
- ဤရောဂါသည် တီဘီပိုးကြောင့်ဖြစ်သော ကူးစက်ရောဂါဖြစ်သည်။
- ဝေဒနာရှင် ချောင်းဆိုးခြင်း၊ နှာချေခြင်း သလိပ်တံတွေးမှတစ်ဆင့် ရောဂါပိုးများလေထဲတွင် ပျံ့နှံ့၍ ကူးစက်သည်။
- အသက်အရွယ်မရွေး လူတိုင်းတွင် ဖြစ်ပွားနိုင်သည်။
- အဆုတ်တွင်အများဆုံးဖြစ်ပွားပြီး၊ ကိုယ်ခန္ဓာအနှံ့အပြားတွင်လည်း ဖြစ်နိုင်သည်။
- ဆီးချိုရောဂါ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် အာဟာရချို့တဲ့မှု ရှိသူများတွင် အဖြစ်များသည်။

(ခ) ရောဂါလက္ခဏာများ
- ရက်ရှည်ချောင်းဆိုးခြင်း (ရက်သတ္တပတ် ၃ပတ်နှင့်အထက်)။
- ချောင်းဆိုးသွေးပါခြင်း။
- သလိပ်တွင် သွေးပါခြင်း။
- အဖျားတာရှည်ခြင်း။
- ခံတွင်းပျက်ခြင်း၊ မောပန်းလွယ်ခြင်း။
- ကိုယ်အလေးချိန်လျော့နည်းပြီး ပိန်ချုံးလာခြင်း။
- ကျောရင် အောင့်ခြင်း။

(ဂ) ကြိုတင်ကာကွယ်ခြင်း
- ရင်သွေးငယ်များအား ကာကွယ်ဆေး (ဘီစီဂျီ)ကို မပျက်မကွက်ထိုးပေးပါ။
- အာဟာရပြည့်ဝသော အစားအစာများကို စားသုံးပါ။
- သင့်တင့်လျောက်ပတ်သော ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပါ။
- ချောင်းဆိုး၊ နှာချေလျှင် လက်ကိုင်ပဝါကို အသုံးပြုပါ။
- သလိပ်နှင့် တံတွေးကို စည်းကမ်းမဲ့ထွေးခြင်းမှ ရှောင်ကြဉ်ပါ။
- ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ပါ။

(ဃ) ကုသမှုခံယူခြင်း
- **"တိုက်ရိုက်ကြည့်ရှု အချိန်တိုနှင့်ကု"** နည်းဖြင့် ရောဂါပျောက်ကင်းသည်အထိ ကုသမှုခံယူပါ။
- ကုသမှုခံယူခြင်းသည် အခြားသူများသို့ ကူးစက်စေခြင်းမှအကောင်းဆုံး ကာကွယ်ခြင်းဖြစ်သည်။

တီဘီရောဂါ သံသယရှိလျှင် နီးစပ်ရာကျန်းမာရေးဌာနတွင် စစ်ဆေး၍ တီဘီရောဂါရှိပါက အစွမ်းထက်သော တီဘီဆေးဝါးများဖြင့် အခမဲ့ကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကျုံ့ဝမ်းချောင်းကူး ကွန်ကရစ်တံတားဖွင့် သင်္ဂဟလမ်း ကတ္တရာလမ်းဖွင့်ပွဲများကျင်းပ

ကျိုက်မရော ဧပြီ ၁၄

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးလက်ပြည်သူ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ကျပ် ၈၈ သိန်းကျော်တန် ကျုံ့ဝမ်းချောင်းကူး ကွန်ကရစ်တံတားသစ် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၆ ရက်က ယင်းတံတားသစ်တွင် ကျင်းပသည်။

အဆိုပါတံတားသစ်အား မော်လမြိုင်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်နှင့် မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အလားတူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်ပြည်သူ ပူးပေါင်း ဆောင်ရွက်ပြီးစီးခဲ့သော ပန်းဘဲတန်းရပ် သင်္ဂဟလမ်း ကတ္တရာလမ်းသစ်ကို မတ် ၂၅ ရက်က အဆိုပါ လမ်းမုခ်ဦးရှေ့၌ ကျင်းပရာ မော်လမြိုင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်နှင့် မွန်ပြည်နယ်စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ သင်္ဂဟလမ်း ကတ္တရာသစ်ခင်းကျင်းမှုတွင် ငွေကျပ် ၁၆ သိန်းကျော်အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

အကြိမ်(၆၀)မြောက်သွေးလှူဒါန်း

ရန်ကုန် မေ ၂

အမှတ်(၁)စက်မှုဝန်ကြီးဌာန သာကေတမြို့နယ် ဝင်းသူဇာအရောင်းဆိုင်ဝန်ထမ်း ကိုအောင်ခင်သည် မတ် ၁၁ ရက်က ဗဟိုအမျိုးသားသွေးလှူဘဏ်၌ အကြိမ်(၆၀)မြောက် သွေးလှူဒါန်းကြောင်းသိရသည်။ (က-ပ)

အမှတ်၂၃၂အလုံလမ်း အလုံမြို့နယ်နေ(တော်ဝင်မိသားစုကုမ္ပဏီ)မှဒေါ်ဆွေဆွေဒင် မွေးနေ့အတွက် အလှူငွေကျပ် ၁၀၀၀၀၀ ကို လှူဒါန်းရာ ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက်၊ သုဒဿနလမ်း ၁၆/၂ အပိုင်း သဃ်န်းကျွန်းရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)မှ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင်)က လက်ခံရယူစဉ်။ (က-ပ)

ပြည်ခရိုင် ရွှေတောင်မြို့နယ် မန်ကျည်းပေါက်ကုန်း အခြေခံပညာ အလယ်တန်းကျောင်းခွဲ ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၂ ရက်က အဆိုပါကျောင်းရှေ့တွင်ကျင်းပရာ ပဲခူးတိုင်း (အနောက် ပိုင်း) လက်ထောက်တိုင်းပညာရေးမှူး (စစ်ဆေးရေး) ဒေါ်ထွားတင်က ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ (က-ပ)

ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များဖွင့်

မော်လမြိုင်ကျွန်း ဧပြီ ၂၉

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြောင်းမြခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များဖွင့်ပွဲကို မြို့နယ်အတွင်း ပုဂံပုံ၊ ကဿမျှင် ထီဆိပ်ရေကျော်၊ ထီဆိပ်ရွာမ၊ထီစိပ် ဘုရားစု၊ နွားရေကျော်ကျောင်းစု၊ ဖူထီ၊ လင်းခွဲမဲဇလီ၊ ကျားချောင်း၊ မြတ်သာရွာဝနှင့် မြတ်သာ ရွာမကျေးရွာများတွင် ဧပြီ ၂၀ ရက်မှ ၂၈ ရက်အထိ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားများ ကျင်းပကြသည်။

ထို့ပြင် ၂၀၀၉ခုနှစ် မေလအတွင်းက ကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက်ဖွင့်ပွဲများကို မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဆက်လက်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၀၉၇)

မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

ရွှေဘို ဧပြီ ၁၀

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မီးဘေးကြိုတင်ကာကွယ်ရန် ဧပြီ ၁ ရက်က ရွှေဘိုမြို့ စည်ပင်သာယာဈေးကြီးအတွင်း မီးအသုံးပြုသောဆိုင်များ မီးသုံးစွဲမှု စနစ်တကျရှိမရှိကို ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသိန်းဦးဆောင်၍ မြို့နယ်စည်ပင် သာယာရေးအဖွဲ့၊ မြို့နယ် မီးသတ်တပ်ဖွဲ့နှင့် ဈေးမိ ဈေးဖတို့က မီးဘေးအန္တရာယ်ကြို တင်ကာကွယ်ရေး စစ်ဆေးမှုများပြုလုပ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

နွေရာသီ အဆို၊ အက၊ အတီး သင်တန်းဖွင့်

တံတားဦး ဧပြီ ၂၅

တံတားဦးမြို့နယ် ပညာရေးကော်မတီ၏ကြီးကြပ်မှုဖြင့် နွေရာသီ အဆို၊ အက၊ အတီး သင်တန်းဖွင့်ပွဲကို ဧပြီ ၂၁ ရက် နံနက် ၉ နာရီက တောင်ဘီလူ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ငွေးလှိုင်တို့က အမှာစကားပြောကြားပြီး အလှူရှင် ဦးသန်းထွန်းက မြန်မာ့စောင်းတစ်လက် ပေးအပ်လှူဒါန်းသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ မြို့နယ်အတွင်းရေးမှူး ဦးမောင်မောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးစိန်မြနှင့် ဌာနဆိုင်ရာများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ သင်တန်းသား သင်တန်းသူ ၅၉ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြောက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဧပြီ ၁၂ရက်က အနော်မာန်ပန်းခြံအတွင်း အလှပန်းပင်များ စုပေါင်းစိုက်ပျိုးခြင်းအား အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်နှင့်အဖွဲ့က ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မြေယာကော်မတီဆင့်ပွားသင်တန်းဖွင့်

အင်းတော် ဧပြီ ၇

စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်မြို့နယ် မြေယာကော်မတီဆင့်ပွားပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၃၁ရက်နံနက် ၁၀ နာရီက အင်းတော်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ရုံးခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးက အဖွင့်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ထို့နောက် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးတင်ဝင်းသိမ်းက မြေယာနှင့်ပတ်သက်သော အချက်အလက်များကို မြေယာလုပ်ထုံး လုပ်နည်း ဥပဒေများနှင့်အညီ သင်တန်းပို့ချကြောင်း သိရသည်။ (၁၃၃)

နွားထိုးကြီးတွင် မိုးရွာသွန်း တောင်သူများ ထွန်ရေးစတင်

နွားထိုးကြီး ဧပြီ ၈

နွားထိုးကြီးမြို့နယ်တွင် ဧပြီ ၁ ရက်မှ စ၍ မိုးရွာသွန်းမှုစတင်ပြီဖြစ်၍ မိုးဦးလေဦးနှင့်အတူ မြို့နယ်တောင်သူများ ထွန်ယက်ရေး(နွေထယ်ရေး)လုပ်ငန်းများ စတင်နေကြပြီဖြစ်သည်။

နွားထိုးကြီးမြို့နယ်တွင် မိုးဦးသီးနှံကို ကေသုံးသိန်းကျော် နှစ်စဉ်စိုက်ပျိုးထုတ်လုပ်နေရာ ယမန်နှစ်က တန်ရူး နှမ်းရကြ၍ ယခုနှစ်တွင် နွေထယ်ရေးကို အပြိုင်ထွန်ယက်နေကြပြီး မိုးဦးနှင့်အတူ နှမ်းလျင် စိုက်ပျိုးကြမည်ဖြစ်သည်။ (၂၂၇)

ဧပြီ ၂၈ ရက်တွင် ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းလွင်စိုးနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လှိုင်တို့က ပြွန်တန်ဆာမြို့ ကန်အရှေ့လမ်း ဂဝံခင်းခြင်းလုပ်ငန်းကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၁၃၄)

အရန်မီးသတ်ခေါင်းဆောင်မှုသင်တန်းဆင်း

မိုးကောင်း ဧပြီ ၁၅

ကချင်ပြည်နယ် မိုးကောင်းမြို့ နယ် အရန်မီးသတ် တပ်ရင်းမှကြီးမှူးဖွင့်လှစ်သည့် အရန်မီးသတ်ခေါင်းဆောင်မှုနည်းပြ (ညအိပ်စခန်းချ) သင်တန်းအမှတ်စဉ်(၂/၂၀၀၉)ဆင်းပွဲကိုဧပြီ၉ ရက် နံနက်၁၀နာရီက တပ်ရင်းရုံး အစည်း အဝေးခန်းမ၌ ကျင်းပရာ ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ဦးကြည်မြင့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သန်း တို့က အမှာစကားပြောကြားကြသည်။

ထို့နောက်ပြည်နယ် မီးသတ်ဦးစီးဌာနမှူးက သင်တန်းထူးချွန်ဆု များကိုလည်းကောင်း၊ မြို့နယ် အရန်မီးသတ်တပ်ရင်းမှူး ဒုတိယရဲမှူး တင်မောင်က သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း အသီးသီး ချီးမြှင့်ပေးအပ်ကြသည်။

ကြာမြင့်

သင်တန်းသို့ အရန်မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ကြပ်မှ တပ်စုမှူး အဆင့်အထိ သင်တန်းသား၂၂ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ၁၅ရက်ကြာမြင့်ကြောင်းသိရသည်။ (၄၁၆)

မြန်မာ့အသံ

၄-၅-၂၀၀၉(အင်္ဂါနေ့) နံနက်ပိုင်း

၀၇း၀၀ ဦးဥတ္တမသာရဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာတရားတော်

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (စပ်မျိုးစပါးထုတ်လုပ်မှု)

၁၁း၃၀ မြန်မာ့မူဟန်ဇာတ်မာန်ဟောပြောချက် (လမြတ်ကဆုန်-နိုင်ဝေ)

၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (မိမိကိုယ်ကို ကောင်းစွာပျိုးထောင်ခြင်း) (ညွှန့်ဟံ-ကြူတော)

၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ပြန်လာမယ့်လမ်းဆီ)

၁၂း၄၅ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (လမြတ်ကဆုန်နှင့် မဟာဗောဓိ)

ညနေပိုင်း

၁၆း၂၀ ကျေးလက်ဇာတ်လမ်း(ဆေးစာ)

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၀ ကမ္ဘာ့ဂီတ

၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (ဂေါက်သီးရိုက်ကစားခြင်းမှ ရရှိနိုင်သော အကျိုးကျေးဇူးများ) (ဦးဉာဏ်ထွန်း-ညွှန်မှူး-အား/ကာ)

၁၇း၅၀ သောတရှင်အတွက်ပြန်ကြားချက်

၁၈း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (ငှက်ဖျားရောဂါ)

၂၀း၃၀ ကလေးများအတွက် တေးသီချင်းများ

တရုတ်ဘာသာစကား အရည်အချင်းစစ်စာမေးပွဲ (HSK)

တရုတ်ပြည် နိုင်ငံတော် တရုတ်ဘာသာစကားအရည်အချင်းစစ်ကော်မတီ (The State Commission of Chinese Proficiency Test)မှ ကမကထပြုကြီးမှူး၍ ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးတို့ ပူးပေါင်းစီစဉ်ကျင်းပမည်။

စာမေးပွဲကျင်းပမည့်ရက်	– ၂၀၀၄ ခုနှစ် မေလ ၁၅ ရက် (စနေနေ့)
ကျင်းပမည့်နေရာ	– ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
လျှောက်လွှာတင်ရက်	– ၂၀၀၄ ခုနှစ် ဧပြီလ ၆ ရက်မှ ၂၀၀၄ ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိ
လျှောက်လွှာရရှိနိုင်သည့်နေရာ	– ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
စစ်ဆေးမည့်အစီအစဉ်	– အဆင့် သုံးဆင့်အနက် မိမိဖြေဆိုလိုရာ အဆင့်ကို ဖြေနိုင်ပါသည်။

အသေးစိတ်ကို အမှတ် ၁၁၉-၁၃၁ တက္ကသိုလ်ရိပ်သာလမ်း ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် တယ်လီဖုန်း- ၀၁-၅၁၃၁၉၈ နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် တယ်လီဖုန်း-၀၂-၃၂၃၃၀ တွင် စုံစမ်းနိုင်ပါသည်။

စာမေးပွဲဖြေဆိုကြမည့်သူများအတွက် HSK Guide Books နှင့် Tape များကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ ယဉ်ကျေးမှုသံမှူးရုံး အမှတ်၉၄၊ ခရေပင်လမ်း ဒဂုံမြို့နယ် ရန်ကုန်နှင့် မန္တလေးမြို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး ရတနာလမ်းသွယ် ရန်ကြီးအောင်လမ်း၊ ၃၅ လမ်း (၆၅ လမ်းနှင့် ၆၆ လမ်းကြား) မန္တလေးမြို့တွင် ဝယ်ယူရရှိနိုင်ပါသည်။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာ ခန့်ထားရန်)

TMW Enterprise Limited၏ Sony,LG နှင့် အခြားလျှပ်စစ်ပစ္စည်း အရောင်းခန်းမ များတွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

(၁) လက်ထောက်မန်နေဂျာ	(၁)ဦး
(၂) ကြီးကြပ်ရေးမှူး	(၄)ဦး
(၃) အရောင်းမြှင့်တင်ရေးဝန်ထမ်း	(၁၀)ဦး
(၄) အရောင်းဝန်ထမ်း	(၁၀)ဦး

ရာထူးအားလုံးအတွက် တက္ကသိုလ်ဘွဲ့ရဖြစ်ရမည်။ သက်ဆိုင်ရာ ဈေးကွက်ကျွမ်းကျင်မှု အရည်အချင်းနှင့် အတွေ့အကြုံရှိသူများကို ဦးစားပေးမည်။ လစာကောင်းမည်။ စိတ်ပါဝင်စားသူ များသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ဓာတ်ပုံတစ်ပုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ အရည်အချင်းနှင့် အတွေ့အကြုံဆိုင်ရာ အထောက်အထားများနှင့်အတူ အောက်ပါ လိပ်စာသို့ ဤကြော်ငြာပါသည့်နေ့မှ ၁၅ရက်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

မိမိတို့၏ အရည်အချင်းအလိုက် မျှော်မှန်းလစာနှင့်စပ်လျဉ်း၍ ဤကုမ္ပဏီနှင့် ဆက်သွယ် ဆွေးနွေးနိုင်ပါသည်။

TMW Enterprise Limited
အမှတ်-၉၀ က/ခ၊ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း- ၅၄၆၀၀၇၊၅၄၆၀၀၈
(ကနဦး စိစစ်ရွေးချယ်ခံရသူများကိုသာ လူတွေ့စစ်ဆေးရန် အကြောင်းကြားပါမည်။)

ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မရေနံ သိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ ဓနိတောရှိ မီးထိုးဆီပျက် အဆင့်ချ ရေနံချေး ၁၇၈၃၂ ဂါလန် (ပီပါခွံအပါအဝင်)အား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသဖြင့် ချိပ်ပိတ်တင်ဒါများ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းပုံစံရောင်းချမည့်-

- (က) နေ့ရက် – ၄-၅-၂၀၀၄
- (ခ) နေရာ – ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က)အဆင့် ဓနိတော အထွေထွေမန်နေဂျာရုံး
- (ဂ) တင်ဒါတစ်စောင်ဈေးနှုန်း – ကျပ် ၅၀၀၀ိ/(ကျပ်ငါးထောင်)
- (ဃ) တင်ဒါပိတ်မည့်ရက် – ၁၂-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့) ၁၄း၀၀ နာရီ

၃။ တင်ဒါတင်သွင်းသူသည် တင်ဒါဆွဲယူခွင့်စပေါ်ငွေကျပ်(၅၀၀၀၀ိ/) (ကျပ်ငါးသိန်းတိတိ)ကို ငွေသားဖြင့် ပေးသွင်းရမည်။

၄။ ဝယ်ယူခွင့်ရရှိပြီးပါက ခုနစ်ရက်အတွင်း မိမိအစီအစဉ်ဖြင့် ပြီးစီးအောင် ထုတ်ယူရမည်။

ချိပ်ပိတ်တင်ဒါရောင်းချရေးကော်မတီ
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ ဓနိတော။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
ရန်ကုန်တက္ကသိုလ်
သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်တက္ကသိုလ်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန၏ အစီအစဉ်ဖြင့် ဓာတုဗေဒဌာနက ကြီးမှူး၍ အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁။ ဖွင့်လှစ်မည့်သင်တန်းများ
- စားသောက်ကုန် နည်းပညာသင်တန်းအမှတ်စဉ်-၁/၂၀၀၄ Food Technology Certificate Course No. 1/2004
- စားသောက်ကုန်နည်းပညာဒီပလိုမာသင်တန်းအမှတ်စဉ်-၁/၂၀၀၄ Food Technology Diploma Course No. 1/2004

၂။ သင်တန်းအောင်လက်မှတ် - Completion Certificate
- Diploma in Food Technology (Dip. Food Tech)

၃။ သင်တန်းကာလ – ၃လ (စားသောက်ကုန်နည်းပညာ)
– ၉လ (စားသောက်ကုန်နည်းပညာဒီပလိုမာ)

၄။ သင်တန်းဝင်ခွင့်အရည်အချင်း – အထက်တန်းအဆင့်ပညာ သင်ယူမှု ပြီးမြောက်ခြင်း လက်မှတ်ရရှိသူ၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ၊ အခြေခံပညာ အထက်တန်းစာမေးပွဲ (က)/(ခ) အဆင့်ဖြင့် အောင်မြင်သူ (စားသောက်ကုန်နည်းပညာအတွက်)
– စားသောက်ကုန် နည်းပညာ သင်တန်း အောင်လက်မှတ် ရရှိသူ (ဒီပလိုမာသင်တန်းအတွက်)

၅။ သင်တန်းဖွင့်မည့်ရက် – ၁၁-၅-၂၀၀၄

၆။ ဆက်သွယ်ရမည့်ရက် – ၄-၅-၂၀၀၄

၇။ လျှောက်လွှာလက်ခံမည့်နေရာ – ဓာတုဗေဒဌာနရုံးခန်း၊ ရန်ကုန်တက္ကသိုလ်။

မှတ်ချက်။ ။(၁) ဌာနဆိုင်ရာနှင့်ကုမ္ပဏီဝန်ထမ်းများတက်ရောက်နိုင်ရန် သင်တန်းချိန်ကို ရုံးချိန်ပြင်ပ၌ စီစဉ်ထားပါသည်။
(၂) အသေးစိတ်အချက်အလက်များကို ဓာတုဗေဒဌာန (Ph. 536792) ရန်ကုန်တက္ကသိုလ်တွင်စုံစမ်းနိုင်ပါသည်။

အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော လှိုင်မြို့နယ်ရှိ တိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါ အဆိုပါ တိုက်ခန်းအား ရရှိထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာသည့်အတွက် အမည်ပြောင်းလဲပေးခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

တိုက်ခန်း အမည်ပေါက်အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်း လျှောက်ထားသူအမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်း လျှောက်ထားသည့်တိုက်နှင့် အခန်းအမှတ်
ဒေါ်ယုံ့ကျင် ၁၂/လမန(နိုင်) ၁၁၀၆၂၀	ဒေါ်အေးအေးရီ ၁၂/လမန(နိုင်) ၀၀၀၁၂၃	တိုက် ၁၊ အခန်း ၁၃ လှိုင်ရတနာအိမ်ရာ

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အလုပ်ရုံဝန်ထမ်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ ဗဟိုစက်မှုလက်မှုအလုပ်ရုံတွင် လစ်လပ်လျက် ရှိသော အောက်ဖော်ပြပါ အလုပ်ရုံဝန်ထမ်းများအတွက် လျှောက်လွှာများအလိုရှိပါသည်-

(က) လ/ထ နည်းပြ (အလုပ်ရုံ)	လစာနှုန်း (၅၄၀၀-၁၀၀-၅၉၀၀)	၅၆	နေရာ
(ခ) သရုပ်ပြကျွမ်းကျင် (အလုပ်ရုံ)	လစာနှုန်း (၄၈၀၀-၁၀၀-၅၃၀၀)	၅၆	နေရာ
(ဂ) အလုပ်ရုံအကူ	လစာနှုန်း (၄၂၀၀-၁၀၀-၄၇၀၀)	၂၀	နေရာ

၂။ အထက်ပါ ရာထူးနေရာများအတွက် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်။
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အမှတ်စဉ် (၁-က) ရာထူးအတွက် A.G.T.I (MT.MP. EC.EP.MC.PR. Civil) ဒီပလိုမာ လက်မှတ်ရရှိသူများဖြစ်ရမည်။
- (ဂ) အမှတ်စဉ် (၁-ခ) ရာထူးအတွက် T.H.S လက်မှတ်ရရှိသူ လျှောက်ထားနိုင်သည်။
- (ဃ) အမှတ်စဉ်(၁-ဂ) ရာထူးအတွက် အခြေခံကျွမ်းကျင်မှုသင်တန်း ဒုတိယအဆင့် လက်မှတ်ရရှိသူများ လျှောက်ထားနိုင်သည်။
- (င) လျှောက်ထားသူသည် ကျန်းမာသန်စွမ်းသူဖြစ်ပြီး (၃၁-၅-၂၀၀၄) ရက်တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။
- (စ) ရွေးချယ်ခံရသူများသည် ရှေးဦးစွာ ကျွမ်းကျင်သင်တန်းသုံးလ တက်ရမည်။
- (ဆ) ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်ထားလိုသူများသည်ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်၊ အောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲတပ်ဖွဲ့၏ ထောက်ခံချက်၊ အလုပ်သမားမှတ်ပုံ တင်လက်မှတ်၊ ပတ်စပို့အရွယ်ဓာတ်ပုံ သုံးပုံနှင့်အတူ နီးစပ်ရာ အစိုးရနည်းပညာကောလိပ်၊ အစိုးရ စက်မှုလက်မှု သိပ္ပံများသို့ (၃၁-၅-၂၀၀၄) ရက်အရောက် ပေးပို့လျှောက်ထားရမည်။

၄။ အသေးစိတ်သိရှိလိုပါက အစိုးရနည်းပညာကောလိပ်များနှင့် အစိုးရ စက်မှုလက်မှု သိပ္ပံများ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender) များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (Sealed Tender) များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	12(T)1/MR (ML) 2004- 2005	(1) Ball Bearing No. MA 16052 (400˚x˚260 Ø˚x˚44mm)	1 - No
		(2) Bearing NU-2938	20 - Nos
		(3) Roller Bearing with Sleeve (SKF, 23222 CCK)(C3-W33)	1000 - Sets
2.	12(T)2/MR(ML) 2004-2005	Master Alloy (Fe NL, Fe Mo, Fe Cr, Fe Mn)	1 - Lot

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၂၇-၅-၂၀၀၄(ကြာသပတေးနေ့)(၁၂း၀၀)နာရီ
ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် – ၂၇-၅-၂၀၀၄ (ကြာသပတေးနေ့) (၁၄း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၇-၄-၂၀၀၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၁၉၈၂၊ ၂၀၁၅၅၅-လိုင်းခွဲ ၆၀၂၊ ၆၀၅၊ ၆၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ (Sealed Tender)များ ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား၏ဌာနခွဲအသီးသီးအတွက် (Computer, Printer, Copier, Calculator, Fax Machine,Type Writer,PA System) များ အပါအဝင် ရုံးသုံးစက်ပစ္စည်း ကိရိယာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါ(Sealed Tender)များ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်	– ၂၁-၅-၂၀၀၄ (သောကြာနေ့) (၁၂း၀၀)နာရီ
ချိပ်ပိတ်တင်ဒါဖွင့်ဖောက်မည့် ရက်နှင့်အချိန်	– ၂၁-၅-၂၀၀၄(သောကြာနေ့) (၁၄း၀၀)နာရီ

၂။ တင်ဒါပုံစံများကိုအောက်ပါဌာနတွင် ၄-၅-၂၀၀၄ နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ(ထောက်ပံ့ဌာန)
မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၉၄၊ ၂၀၁၅၅၅ လိုင်းခွဲ-၆၀၂/၆၁၃

သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ရန်ကုန်တက္ကသိုလ်၏ အစီအစဉ်ဖြင့် ဗိုလ်တထောင်မြို့နယ်၊ဗိုလ်တထောင်ဘုရားလမ်းရှိ ရာစုသစ်အရင်းအမြစ် ဖွံ့ဖြိုးမှုဌာန (New Century Resource Centre)၌ အောက်ပါအစီအစဉ် အတိုင်း သင်တန်းများ ဖွင့်လှစ်ပါမည်-

၁။ သင်တန်းအမည်	– (၁) Power Windows 2/2004 သင်တန်း
	– (၂) Computerized Accounting 2/2004သင်တန်း
၂။ သင်တန်းကာလ	– (၂)လ
၃။ သင်တန်းဝင်ခွင့်အနိမ့်ဆုံး ပညာအရည်အချင်း	– အခြေခံပညာအထက်တန်း“က” အဆင့်/တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ
၄။ သင်တန်းစတင်မည့်ရက်	– ၁၂-၅-၂၀၀၄
၅။ သင်တန်းစတင်လက်ခံမည့်ရက်	– ၄-၅-၂၀၀၄
၆။ ဆက်သွယ်ရမည့်လိပ်စာ	– ရန်ကုန်တက္ကသိုလ် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန

အသေးစိတ်အချက်အလက်များကို သိလိုပါက ရုံးချိန်အတွင်း မော်ကွန်းထိန်းအဆင့်(၁)၊ ကျောင်းသားရေးရာဌာနသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (ဖုန်း-၅၃၄၃၉၀) ဦးရာလူစနစ်ဖြင့် လက်ခံပါမည်။

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ပဲခူးမြို့၊ဟံသာဝတီရပ်ကွက်၊ ဗိုလ်မင်းသိမ်း(၁)လမ်း၊ အမှတ် ၁၁၃ နေ ဦးစိုးကြီး-ဒေါ်ဝင်းစိန်တို့၏ တစ်ဦးတည်းသော သမီးဖြစ်သူ မကေခိုင်ထွန်း ၇/ပခန(နိုင်) ၂၂၂၂ သည် မိဘနှစ်ပါး၏ဆိုဆုံးမမှုကို လိုက်နာခြင်းမရှိသဖြင့် မိဘနှစ်ပါး စိတ်ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ ဂုဏ်သိက္ခာထိခိုက်စေခြင်း၊ အရှက်တကွဲအကျိုးနည်းစေသည့်ကိစ္စရပ် များနှင့်တွေ့ကြုံနေရပါသည်။ သို့ပါ၍ မိဘနှစ်ပါးမှ မကေခိုင်ထွန်းအပေါ်သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပြီဖြစ်ပါကြောင်းနှင့် မကေခိုင်ထွန်းနှင့်ပတ်သက်သမျှကိစ္စအဝဝတို့ကို လိုက်လံဖြေရှင်းပေးလိမ့်မည်မဟုတ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးစိုးကြီးနှင့်ဒေါ်ဝင်းစိန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ

ဦးတင်အောင်မြင့်(ဥပဒေဘွဲ့)
တရားရုံးချုပ်ရှေ့နေ စဉ်၊ ၆၇၅၃
အမှတ်(၂၇)၊ နတ်သျှင်နောင်လမ်း၊
စိန်ထွန်းရပ်ကွက်၊ ပဲခူးမြို့။ ဖုန်း-၂၃၈၈၉

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မြတ်သူရအောင် ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ်-၅၀၅၆၄၇သည် ကျပျောက်သွားပါသဖြင့် တွေ့ရှိထားသူသည် အောက်ပါလိပ်စာသို့ အကြောင်းကြား ဆက်သွယ်ပါက ကျေးဇူးဆပ်ပါမည်။ **အမှတ်၃၅၆၊(ခုနစ်လွှာ)၊ ဗညားဒလလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် သ/၂၃၁၈ မော်တော် ယာဉ်လက်ဝယ်ရှိသူမှ (ကမ-၃) မိတ္တူ လျှောက်ထား လာပါသဖြင့် ကန့်ကွက် လိုသူများသည် ၁၅ ရက်အတွင်းကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။
ကညန၊ရန်ကုန်တိုင်း

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်ကျွန်မတို့၏သမီးဖြစ်သူ မမိုးမြင့်မြင့်သွယ် နိုင်ငံသားအမှတ် ၁၂/လမန(နိုင်) ၁၂၆၀၃၁သည် မိဘများ စိတ်ဆင်းရဲအောင်ပြုလုပ်သွားပါ၍ ယနေ့မှ စ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စများ လုံးဝ တာဝန်မယူပါ။
စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
မိဘများ-ဦးအေးသန်း-ဒေါ်ခင်စိန်။

အမွေပြတ်စွန့်လွှတ်ခြင်း

မောင်မောင်ကျော်သည် မိမိဆန္ဒအလျောက်ပြုမူသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း၊ မည်သည့် ကိစ္စမှ အသိအမှတ်ပြုခြင်း၊ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

အဖွား-ဒေါ်မြတ်နွဲ့
မိခင်-ဒေါ်စန္ဒာတင့်
သုဝဏ္ဏ(ရန်ကုန်)

ကန့်ကွက်ရန်ကြေညာခြင်း

ဒဂုံမြို့သစ်(တောင်ပိုင်း) မြေတိုင်းရပ်ကွက် ၂၁၊မြေကွက်အမှတ် ၉၉၈(က) အမည်ပေါက် ဒေါ်ခင်ခင်လေး၏ ပါမစ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် မိတ္တူ လျှောက်ထားလိုပါ၍ ကန့်ကွက်လိုသူများ ကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနသို့ ကန့်ကွက်နိုင်ကြောင်းနှင့် ပါမစ်မူရင်းလက်ဝယ်ရှိသူအား အရေးယူမည် ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးမြင့်ကျော်
၁၂/တမန(နိုင်)၀၈၀၅၀၂
အမှတ် ၆၁၇၊အင်းလေးလမ်း၊
၆၄ရပ်ကွက်၊(ဒဂုံတောင်)



လက်ထပ်မင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်း၊ရွှေပြည်သာမြို့နယ်၊၅/၇/၆၂(က)နီလာလမ်းနေ
ဦးအေးမြ–ဒေါ်ရီရီနု တို့၏သား
ရှမ်းပြည်နယ်၊တောင်ကြီးမြို့၊ရွှေညောင်မြို့နယ်၊အမှတ်(၃၉)နေ
ဦးထွန်းသိန်း (M.P.P.E)–ဒေါ်ခင်အေးငယ်တို့၏ညီ

မောင်ဉာဏ်ဝင်း
(M.P.P.E)
နှင့်

ရန်ကုန်တိုင်း၊အင်းစိန်မြို့နယ်၊ရွာသစ်၄လမ်း၊ပိန္နဲကုန်း၊အမှတ်(၈၃၀)နေ
ဦးသန်းအောင်–ဒေါ်တင်တင်မြင့် တို့၏သမီး
ဦးမောင်မျိုး–ဒေါ်လှဲလှဲလွင်(မောင်မျိုးနှင့်ညီများ၊ဒိုင်နမိုမော်တာပြုပြင်ရေး) တို့၏အစ်မ

မသန္တာအောင် S.A.E(Civil)
(M.E.P.E)**(ပြည်မြို့)**

တို့၏ ၂၄–၄–၂၀၀၄(စနေနေ့)တွင် မဟာစည်သာသနာ့ရိပ်သာ (ရွှေဂုံတိုင်) တွင် လက်ထပ်မင်္ဂလာ ဆွမ်းကျွေးပြီးဖြစ်၍ ကြွရောက်အားပေးကြသော ဆရာသမားများ၊ မိတ်ဆွေသင်္ဂဟများကို ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဉာဏ်ဝင်း–မသန္တာအောင်။

ရောင်းရန်ကြော်ငြာစာ

တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
မုံရွာခရိုင်တရားမရုံးတော်၌
၂၀၀၁ ခုနှစ် တရားမဇာရီမှု အမှတ် ၁၄

မြန်မာနိုင်ငံသားများဘဏ် **နှင့်** ဒေါ်သန်းမြ
ရွှေဝါရောင်လမ်း၊ ထန်းတောရပ်ကွက် မုံရွာမြို့

ဒီကရီရသူ **တရားရှုံး**

၁၉၉၈ ခုနှစ် တရားမမှုအမှတ် ၂၁၀ တွင် စရိတ်များအပါအဝင် ငွေ ၁၇၃၂၄၈၈ ကျပ် ၈၂ ပြားအတွက် ဒီကရီအတည်ဇာရီပြုရာ စာရင်း၌ ဖော်ပြထားသော ပစ္စည်းများတွင် တရားရှုံးအကျိုးသက်ဆိုင်ခြင်းကို ၂၀၀၄ ခုနှစ် မေလ ၂၅ ရက်နေ့ မြန်မာသက္ကရာဇ် (၁၃၆၆ ခုနှစ် နယုန်လဆန်း ၇ ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာနေရာမှာ လေလံတင်၍ ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အစုအပြုံများပြုပြီးလျှင် ပစ္စည်းကိုရောင်းချလိမ့်မည်။ ထိုစာတွင် ဖော်ပြပါရှိသည့်အတိုင်း အထက်အမည်ပါတရားရှုံး၏ ပစ္စည်းကိုရောင်းချလိမ့်မည်။ အဆိုပါပစ္စည်းပေါ်တွင် တင်ရှိသည့် ကြွေးမြီကစိပတ်တာဝန်များမှာ စုံစမ်းသိသာသမျှ အစုအသီးသီးနှင့်ဆိုင်ရာ တည့်တည့် ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း ဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျ အခွင့်အရေးလွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း၊ ဆွဲဝယ်စေရန် ဆင့်ဆိုကြော်ငြာ လိုက်သည်။ သို့သော်လည်း အထက်အမည်ပါတရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက် သော်လည်းကောင်း၊ ဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက ၎င်းတို့သို့ တစ်စုံတစ်ရာ ရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တင်ရင်၍ အတည့်အလင်းမရှိလျှင် ခိုင်မာလိမ့်မည်မဟုတ်၊ ရောင်းချရန် နောက်ထပ် စည်းကမ်းအချက်များမှာ အောက်၌ဖော်ပြထားသည်။

